

# ရေးလာတဲ့ပေးစာ

## အယ်ဒီတာခင်ဗျား

သျှမ်းပြည်မြောက်ပိုင်း နအဖစစ်တပ်၊ ပုလိပ်၊ စသုံးလုံး အောက်ခြေဝန်ထမ်းများ မြွေမြွေခြင်းခြေမြင်၊ လျှင်ပြီးလည်တဲ့ without ကားကုန်သည်တယောက်နဲ့ ပတ်သက်နေပုံအကြောင်း ပြောပြ ပါရစေ။

မူဆယ်စသုံးလုံးဝန်ထမ်းတွေ ကုန်သည်တယောက်နဲ့ပေါင်းပြီး အခုလ ၁၄ ရက်က ဝှစ်သောက်ကားနှစ်စီး ကုန်အပြည့်တင်ပြီး ၁၀၅ မိုင်ဂိတ်ကွင်းကနေ တောလမ်းဖြတ် မန္တလေးဘက် ဆင်းသွားပါတယ်။ စုံစမ်းရေးဌာနအရာရှိပိုလ်မှူး ဒွေးဝင်းက ပါဂျဲရိုးခဲရောင်နဲ့ရှေ့ ကပြေး၊ စသုံးလုံးဒုတိယတာဝန်ခံ ဦးမြင့်အောင်က နောက်ပိတ်လိုက်၊ ဝန်ထမ်း ၂ ယောက်ကကုန် အပြည့်တင် ဝှစ်သောက်ကား ၂ စီး မောင်းတယ်။ သတင်းကြိုသိထားပုံရတဲ့ လမ်းစောင့် ဂိတ်စောင့်ရဲတွေက ၁၀၅ မိုင်စောင့် တပ်ကို လှမ်းအကြောင်းကြားထားတော့ ရဲနဲ့စစ်သား တချို့ ၁၀၅ မိုင်ဂိတ်ဖြတ်လမ်းကို အချိန်မှီပိတ်နိုင်ပေမဲ့ ဗိုလ်မှူးဒွေးဝင်းက အမိန့်အာဏာသုံးလမ်းရှင်းတဲ့အတွက် ရဲတွေပိုပြီး မကျေနပ်ဖြစ်ခဲ့ပါ တယ်။

စသုံးလုံးနဲ့ ပေါင်းတဲ့ကုန်သည်တဦးဆိုတာက တောင်ပြာတန်း ကားဂိတ်က ကိုမင်းမင်းဖြစ်တယ်။ ကိုယ်ကျိုးစီးပွားအတွက် စသုံးလုံး၊ ရဲ၊ ခယက၊ စစ်တပ်၊ Custom အရာရှိတော်တော်များများနဲ့ဝင်ဆန့် ခွံ့ကျွေးနိုင်သူတဦးဖြစ်တယ်။ ကုန်သည် အသိုင်းအဝိုင်းကတော့ မင်းမင်းကို ကပ်ဖားကောင်လို့ခေါ်တယ်။ ကုန်သည်များစာရင်းထဲ မသွင်းကြဘူး။

အခုတခေါက် ကယ်ရီအပြည့်တင်တဲ့ ဝှစ်သောက်ကား ၂ စီး ကို စသုံးလုံးအာဏာနဲ့မန္တလေးရောက်သွားပေမဲ့ လက်ဖလာ ဝမ်းဗိုက် ဟာပြီး ၁၀၅ မိုင်ဂိတ် ကွင်းလမ်းကိုကြိုးစားပိတ်တဲ့ရဲနဲ့ စစ်သားတို့ ကတော့ တော်တော်မကျေနပ်ဖြစ်နေကြတယ်။ နောက် တခေါက်စားဖို့ အရေး ကိုမင်းမင်း ခေါင်းခဲရတော့မယ်ထင်ပါရဲ့။

**ဇိုင်းဇိုင်း (မူဆယ်)**

---

## သျှမ်းသံတော်ဆင့်အယ်ဒီတာခင်ဗျား

သျှမ်းပြည်မြောက်ပိုင်းက နအဖမူးယစ်တိုက်ဖျက်ရေးနဲ့ ကမ္ဘာ့မူးယစ်ဆေးတိုက်ဖျက်ရေး UNODC တို့ ပူးပေါင်းဖွင့်လှစ်ထားတဲ့ မူးယစ်တိုက်ဖျက်ရေးဌာနအကြောင်း ကြုံတုန်းပြောပြပါရစေ။

သိန္နီမြို့ ရပ်ကွက် (၁) က အသက် (၂၄) နှစ် ကျနော့် သူငယ်ချင်းတယောက် မူးယစ်ဆေးသုံးလို့ အဖမ်းခံရပြီး ကွတ်ခိုင်မြို့ ဟိုဖျတ်ရွာမှာ စစ်အစိုးရနဲ့ UNODC တို့ ဖွင့်လှစ်ထားတဲ့ ဆေးဖြတ် စခန်းကို အပို့ခံရတယ်။ ၂ ပတ်ကြာတော့ ပြန်လွတ်လာပါတယ်။ သူငယ်ချင်းပြောပြချက်အရ ပြည်သူတရပ်လုံးသိအောင် ကျနော်ပြန်ပြီး လက်ဆင့်ကမ်း ပြောပြချင်ပါတယ်။

"သူဌေးသားတွေ၊ ဆေးဂျိုးတွေက မိဘ / ဆွေမျိုးစိတ်ချမ်းသာ အောင် အဲဒီဌာနဆီ ဟန်ပြဆေးဖြတ်သွားကြတယ်တဲ့။ တကယ်တော့ ဘယ်ပြတ်မလဲဗျာ၊ နအဖမူးယစ်ရဲတွေက သူတို့ဖမ်းဆီးရလာတဲ့ရာဘ တို့ ဘိန်းဖြူတို့ကို ဆေးလာဖြတ်တဲ့လူတွေကို ပြန်ရောင်းပေးတယ် လေ။ UNODC ဆီက ဖြတ်ဆေးထုတ်ခွင့်ရလဲ အလကားဘဲ၊ လွယ်လွယ်ကူကူနဲ့ မူးယစ်ဆေးပြန်ဝယ်သုံးနိုင်တော့ အဲဒီဖြတ်ဆေးကို ဘယ်သူမှမသောက်ဘူး။ ဒီအတိုင်းပစ်ထားတာ။ မူးယစ်ဆေးသုံးဖို့ ပိုက်ဆံပြတ်မှ အဲဒီဆေးတွေသောက်တာ။ ကွတ်ခိုင်ရဲတွေ နမ့်ဖတ် ကာ ရဲတွေကမှ ရာဘမှောင်ခိုစစ်စစ်" –လို့ သူကပြောပြတယ်။

ဟိုဖျတ် ဆေးဖြတ်စခန်းမှာ ဆေးစွဲသူအယောက် ၅၀ နဲ့ ၂ ပတ်စာဘဲ လက်ခံဆေးဖြတ်ပေးတယ် – တဲ့။ သိန္နီမှာချည်းဘဲ ဆေးစွဲသူ ၁ ထောင်ကျော်ရှိတယ်။

UNODC က တင်းကြပ်ပြီး တိကျပြတ်သားတဲ့ စည်းစနစ်နဲ့ နအဖစစ်အစိုးရကို ဖိအားပေး ဆွဲခေါ်လက်တွဲမှသာ အများပြည်သူ အတွက်အကျိုးဖြစ်ထွန်းမယ်။ ဒီအတိုင်းသာဆက်သွားမယ်ဆိုရင်တော့ အနာဂတ်အတွက် ရင်လေးစရာဘဲဗျ။

**လားရှိုးက စိုင်းမျိုး**

## နိုင်ငံရေး

# သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်မှ ၂၀၁၀ ရွေးကောက်ပွဲစဉ်းစားမည်ဟု ဂမ်ဘာရီကို သျှမ်းဒီချုပ်ပြော

ဂျန္နဝါရီ လ ၃၁ ရက် မှ ဖေဖေါ်ဝါရီလ ၃ ရက်နေ့အထိ ကုလ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီ၏ ၇ ကြိမ်မြောက် မြန်မာပြည် ခရီးစဉ်တွင်ပထမဆုံးအကြိမ်အဖြစ် စစ်အစိုးရညွှဲ့ဂေဟာ စိမ်းလဲ့ကန်သာ၌ သျှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူးများ အဖွဲ့ဝင်များဖြစ်ကြသော စိုင်းစောအောင်၊ စိုင်းရွှေကျူး၊ စိုင်းတင်လှိုင်တို့အား ယခုလ ၂ ရက်နေ့ က နာရီဝက်ခန့် လက်ခံတွေ့ဆုံခဲ့ကြောင်း၊ ထိုတွေ့ဆုံပွဲ၌ SNLD ပြင်ဆင်ထားသော အချက်အလက်များ အားလုံး ပြောပြခွင့်ရရှိခဲ့ကြောင်း၊ မစ္စတာ ဂမ်ဘာရီလည်း ကုလအတွင်းရေးချုပ် မစ္စတာဗန်ကီမွန်းနှင့် တွေ့ဆုံလျှင်သော်လည်းကောင်း၊ စစ်အစိုးရ အရာရှိ များနှင့်တွေ့ဆုံလျှင် သော်လည်းကောင်း SNLD ၏ ပြောဆိုတိုက်တွန်းချက်များကို အစီရင်ခံတင်ပြပေးမည်ဖြစ်ကြောင်း မစ္စတာ ဂမ်ဘာရီက ကတိပေး သွားခဲ့သည်ဟုဆို၏။

မစ္စတာ ဂမ်ဘာရီနှင့်တွေ့ဆုံစဉ် တင်ပြဆွေးနွေးခဲ့ရသော အချက်များကို SNLD ပြောခွင့်ရပုဂ္ဂိုလ် စိုင်းလိတ်က ဤကဲ့သို့ ပြောပြ၏။

"မစ္စတာ ဂမ်ဘာရီကို ကျနော်တို့အထက်လူကြီးတွေ တင်ပြဆွေးနွေးခဲ့တာက အဓိကအကြောင်းရင်း ၃ ချက်ပေါ့ -(၁) ဒီမိုကရေစီ အင်အားစုဖြစ်တဲ့ အတိုက်အခံခေါင်းဆောင် ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည် နောက်ပြီး တိုင်းရင်းသား ခေါင်းဆောင်တွေ ဖြစ်တဲ့ခွန်ထွန်းဦး၊ စိုင်းညွန့်လွင် နဲ့ ဗိုလ်ချုပ် ဆေထဲင်အပါအဝင်၊ စစ်အစိုးရဖမ်းဆီးထားတဲ့ရဟန်း၊ ကျောင်းသား၊ ပြည်သူနိုင်ငံရေး အကျဉ်းသားအားလုံးကို ပြန် လွှတ်ဖို့၊ (၂) နအဖစစ်အစိုးရ၊ အတိုက်အခံခေါင်းဆောင် တွေနဲ့ တိုင်းရင်းသားနိုင်ငံရေးပါတီခေါင်းဆောင်တွေ၊ တိုင်းရင်း သားလက်ကိုင် အဖွဲ့အစည်းတွေပါဝင်တဲ့ သုံးပွင့်ဆိုင်တွေ့ဆုံ ဆွေးနွေးရေး ဖြစ်မြောက်အောင်ဆောင်ရွက်ပေးဖို့၊ (၃)သုံးပွင့် ဆိုင် Tripartite dialogue ပုံစံ တွေ့ဆုံဆွေးနွေးရေးမလုပ်ဘူး ဆိုရင်တော့ SNLD အနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲအတွက် တစုံတရာ လက်ခံစဉ်းစားမှာမဟုတ်ဘူး" – ဟု စိုင်းလိတ်ကဆို၏။

မစ္စတာဂမ်ဘာရီကလည်း မစ္စတာဗန်ကီမွန်းနှင့် တွေ့ဆုံသော အခါ SNLD ဆွေးနွေးချက်အားလုံးကိုပြန်လည်တင်ပြပေးမည်ဖြစ်ကြောင်း၊ စစ်အစိုးရနှင့်တွေ့ဆုံလျှင်လည်း အဆိုပါကိစ္စများ ပြောဆိုတိုက်တွန်းသွားမည်ဖြစ်ကြောင်း၊ ခရီးစဉ်တိုင်း တိုင်းရင်းသား အဖွဲ့များနှင့် တွေ့ဆုံရန် အစီအစဉ်ဆွဲလာခဲ့သော်လည်း အခုမှတွေ့ဆုံခဲ့ရကြောင်း၊ Tripartite dialogue သုံးပွင့်ဆိုင်တွေ့ဆုံ ဆွေးနွေးပွဲဖြစ်မြောက်ရေး အတွက်လည်းကြိုးစားဆောင်ရွက်ပေးမည်ဟုကတိစကားပြောသွားကြောင်း




လည်းစိုင်းလိတ်က သျှမ်းသံတော်ဆင့်သို့ပြောပြပါသည်။

အမျိုးသားရင်ကြားစေ့ရေးအတွက် ၇ ကြိမ် ၇ လီ ရှိပြီဖြစ် သော မစ္စတာဂမ်ဘာရီ၏ မြန်မာပြည်ခရီးစဉ်တွင် ၉၀ ရွေးကောက်ပွဲ ဒုတိယမဲအများဆုံးအနိုင်ရ တိုင်းရင်းသားနိုင်ငံရေးပါတီ SNLD ကို ပထမဆုံး အကြိမ်လက်ခံတွေ့ဆုံခဲ့သည့်အတွက်ယခင်ကထက် နိုင်ငံရေးတိုးတက်မှုအနည်းငယ်ရှိလာသည်ဟု SNLD အနေဖြင့် ယူဆနိုင်သော်လည်း"အခုတွေ့ဆုံပွဲမှာ ကျနော်တို့မျှော်လင့်ချက်ထားနိုင်ပေမယ့်ပြီးပြည့်စုံတဲ့ကျေနပ်အားရမှုမျိုးတော့မရှိဘူး။ ဒါပေမယ့်နောက်ထပ်တွေ့ဆုံနိုင်ဖို့လည်း မျှော်လင့်ပါတယ်" – ဟု စိုင်းလိတ်ကပြောပါသည်။

မစ္စတာဂမ်ဘာရီ တွေ့ဆုံသင့် တွေ့ဆုံထိုက်သော ပုဂ္ဂိုလ်များ၊ ပါတီအသင်းအဖွဲ့များ လက်နက်ကိုင်အပစ်ရပ်အဖွဲ့များ၊ လက်နက်ကိုင်တိုက်ပွဲဝင်နေဆဲအဖွဲ့အစည်းများ၊ နိုင်ငံရေးဆက်လုပ်နေသော ဖျက်သိမ်းခံ နိုင်ငံရေးပါတီများ အားလုံးလက်ခံတွေ့ဆုံပြီးမှသာ ဗိုလ်ချုပ်မှူးကြီးနှင့်တွေ့ဆုံပါက နိုင်ငံရေးအရတိုးတက်သည်ဟု သုံးသပ်နိုင်ကြောင်း၊ သို့သော်ယခုခရီးစဉ်တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့် လည်း တွေ့ဆုံခွင့် မရဘဲ ပြန်သွားရကြောင်းဆိုပါသည်။ ❑

# ၂၀၁၀ ရွေးကောက်ပွဲအပေါ် အယုံအကြည်မရှိလည်း ဝင်ပြိုင်မည်ဟု ဝါရင့် သျှမ်းခေါင်းဆောင်ပြော

အမျိုးသားညီလာခံနဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ် အပေါ် အယုံအကြည်မရှိပေမယ့် လာမယ့် ၂၀၁၀ ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ကြောင်းအသက် ၈၇ နှစ်ရှိ ဝါရင့်သျှမ်းခေါင်းဆောင် ဦးရွှေအုန်းကပြောကြားလိုက်ပါတယ်။

ပြည်ထောင်စုဒီမိုကရေစီအဖွဲ့ချုပ်လို့ အမည်ပေးထားတဲ့ သူရဲ့ ပါတီကို ၂၀၁၀ ရွေးကောက်ပွဲအတွက်မှတ်ပုံတင်နိုင်ဖို့ ဂျန္နဝါရီ ၂၆ ရက်မှာ နအဖဥက္ကဋ္ဌပြည်ထဲရေးနဲ့ ရွေးကောက်ပွဲကော်မရှင်တွေဆီ တရားဝင်စာရေးအကြောင်းကြားထားပြီးပြီလို့ လည်းဦးရွှေအုန်းက ပြောပါတယ်။



ဦးရွှေအုန်း

ရွေးကောက်ပွဲအသစ်နဲ့ ပတ်သက်ပြီးအငြင်းပွားနေချိန်မှာ ပါတီထောင်ရတဲ့အကြောင်းကိုသူက –*"နိုင်ငံရေးပါတီဖွဲ့ မယ်ဆိုတာ ကို အခုမှသိတဲ့လူက အသစ်အဆန်းဖြစ်နေတာ။ လွန်ခဲ့တဲ့ ၆ နှစ်က တည်းကကျနော်ပြောနေတာ။ ပြောနေပေမယ့် အဲဒီတုန်းကပါတီထောင်ဖို့ အခွင့်အရေးမရှိဘူးလေ။ အခုပါတီတွေထောင်ခွင့်ပေးမယ်ဆိုတော့ ဟိုတုန်းကစိတ်ကူးခဲ့တာ အခုတော့အကောင်အထည်ဖေါ်ဖို့ဖြစ်လာတယ်။ နာမည်က* ***ပြည်ထောင်စုဒီမိုကရေစီအဖွဲ့ချုပ်*** *ပြည်ထောင်စုနော်၊ ဗမာပြည်ကိုပြောတာမဟုတ်ဘူး။"*

ပြည်ထောင်စုဆိုတာ တိုင်းရင်းသားပေါင်းစုံ လူထုပိုင် ပြည်ထောင်စုကို ဆိုလိုခြင်းဖြစ်ပြီး ပါတီစည်းမျဉ်း၊ ပါတီအလံတော် စတာတွေ အကုန်ပြင်ဆင်ပြီးဖြစ်ကြောင်းနဲ့ ဂျန္နဝါရီ ၂၆ ရက်နေ့ တင်ထားပြီးဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီအဖွဲ့တွေဆီပါ ရွေးကောက်ပွဲ ဥပဒေထွက်တဲ့နေ့မှာ စလုပ်မယ်လို့ အကြောင်းကြားထားပြီးဖြစ်ကြောင်းနဲ့ *"လျှို့ဝှက်ပြီးလုပ်နေတာမဟုတ်ဘူး"* လို့ ဦးရွှေအုန်းကပြောပါတယ်။ ဒီပါတီထောင်လိုက်တာဟာ ၁၉၉၀ ရွေးကောက်ပွဲရလာဒ်ကို မျက်ကွယ်ပြုလိုက်တဲ့ သဘောလား၊ အမျိုးသားညီလာခံ၊ ဆန္ဒခံယူပွဲနဲ့ စစ်အစိုးရရဲ့ မတရားမှုတွေကိုဆန့်ကျင်ရင်း ခွန်ထွန်းဦးတို့နဲ့အတူ ဖမ်းဆီးထောင်ကျခံခဲ့ရတာတွေ ကိုမျက်ကွယ်ပြုလိုက်သလို ဖြစ်မသွားနိုင်ဘူးလား ဆိုတာတွေနဲ့ ပတ်သက်ပြီးဦးရွှေအုန်းက ပြောပါတယ်။

*"အဲ့ဒါကို အစကတည်းကပြောတယ်၊ မကြိုက်ဘူး၊ မထောက်ခံဘူး။ ဒါပေမယ့်မလွဲမရှောင်သာလက်ခံတယ်။ ထောက်ခံတာနဲ့ လက်ခံတာတခြားစီပဲလေ။ နောက်ဆုံးရွေးကောက်ပွဲ၊ ဆန္ဒခံယူပွဲကို ကျနော်တို့ မထောက်ခံဘူးလို့ ကျနော်တို့ အော်နေတာပဲ။ ဒါပေမယ့်ပြီးသွားပြီ။ ပြီးသွားပုံပြီးသွားနည်းကို ကြိုက်လည်း မကြိုက်ဘူး။ ဒါပေမယ့်အဲ့ဒါကို ဖျက်ဖို့ ကျနော်တို့ အင်အားမရှိဘူး။ အဲဒီအချိန်တုန်းက အင်အားမရှိတာ၊ မဖြစ်နိုင်တာကုန်းပြီးတော့အော်နေလို့ ရှိရင်ကိုယ့်အတွက်ပိုပြီး နာသွားလိမ့်မယ်ထင်တယ်။ နိုင်ငံရေးမှာဖြစ်ပြီးတဲ့ကိစ္စတခုကို ကျနော်တို့ ကြိုက် တာ၊ မကြိုက်တာ ဘာမှမဆိုင်ဘူး။ မကြိုက်လည်း ဖျက်လို့ မရရင် ကျနော်တို့ ဒီအတိုင်းပဲလက်ခံရမှာပေ့ါ။"*

ဒါ နိုင်ငံရေးမှာတော့ လက်တွေ့နိုင်ငံရေးခေါ် တာပေ့ါ။ ကိုယ်ဖြစ်ချင်တာ၊ ကောင်းတာ၊ သိပ်အကျိုးရှိတာတွေနဲ့ စိတ်ကူးယဉ်နေလို့ မရဘူးလေ။ အခုလက်ရှိ ဘာဖြစ်နေလဲ၊ ဖြစ်နေတဲ့ဟာကို ဖြစ်နေတဲ့ အခြေအနေအပေါ် မှာ မူတည်ပြီးလုပ်တာ အဲ့ဒါမှလက်တွေ့နိုင်ငံရေး။

*"အဲလိုမှမဟုတ်ဘဲ ကိုယ့်ရည်မှန်းချက်ကြီးက နိဗ္ဗာန်သွားဖို့ ပြောနေပြီးတော့ လောလောဆယ်ရောက်နေတာက ငရဲပြည်မှာရောက်နေတာ။ ငရဲပြည်မှာရောက်နေရင် ငရဲပြည်လိုပဲ ကျင့်ကြံရမှာပဲ။ နိဗ္ဗာန်ရောက်အောင်သွားတော့သွားမှာပေ့ါ။ နိဗ္ဗာန်မရောက် သေးဘဲနဲ့ ငရဲပြည်မှာ နိဗ္ဗာန်လိုကျင့်နေမယ်ဆိုရင် တလွဲစီပဲဖြစ်နေမှာပေ့ါ။ ဒါလက်တွေ့နိုင်ငံရေးမှမဟုတ်တော့တာ။"*

ပြည်ထောင်စု ဒီမိုကရက်တစ် မဟာမိတ်ပါတီကို လူမျိုးမရွေး၊ ဘာသာမရွေးဘယ်သူမဆိုဝင်နိုင်တယ်လို့ ဦးရွှေအုံးက ထုတ်ဖော်ကြေညာကြောင်း ရန်ကုန်ရှိနိုင်ငံရေးသမားတွေက ပြောပါတယ်။

ဦးရွှေအုန်းဟာ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (စီအာပီပီ)အဖွဲ့ဝင်ပါတီဖြစ်တဲ့ **'ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဒီမိုကရေစီ'** မှာ သဘာပတိအဖွဲ့ဝင်ဖြစ်နေဆဲမို့ ဒီကိစ္စကိုဆွေးနွေး နေတုန်းပဲလို့ စီအာပီပီအဖွဲ့ဝင်တဦးကပြောပါတယ်။ ပင်လုံစာချုပ် ချုပ်ဆိုရာမှာ ပါဝင်တက်ရောက်ခဲ့တဲ့ ဦးရွှေအုန်းဟာ သျှမ်းအမျိုးသားအရေးကြိုးပမ်းစဉ် သျှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ ဗိုလ်ချုပ်ဆေထင် စသူတို့နဲ့အတူနေအိမ်အကျယ်ချုပ်နဲ့ ဖမ်းဆီးခံခဲ့ရဖူးပါတယ်။

ခွန်ထွန်းဦးနဲ့ ဗိုလ်ချုပ်ဆေထင်အပါအဝင် သျှမ်းခေါင်းဆောင် ၈ ဦး ကိုမြန်မာစစ်အစိုးရကနှစ်ရှည်ထောင်ဒဏ်တွေချမှတ်ထားပါတယ်။

**ထက်အောင်ကျော်** –၃၁ ဇန်နဝါရီ ၂၀၀၉

# ထိုင်းတက္ကသိုလ်ကျောင်းသူမုဒိန်းကျင့် သတ်ဖြတ်ခံရမှု – သျှမ်းရွှေ့ပြောင်းအလုပ်သမားထောင်ချီဒုက္ခတွေ့



Photo : Bangkok Post

ချင်းမိုင်မြောက်ဘက် မယ်ကျို့တက္ကသိုလ်ကျောင်းသူတဦးအားရွှေ့ပြောင်းအလုပ်သမားနှစ်ယောက် မုဒိန်းကျင့်သတ်ဖြတ်ခံရသည့်အကျိုးဆက်ကြောင့် သျှမ်းလူမျိုးခပ်များများကို ထိုင်းအာဏာပိုင်တို့လိုက်လံဖမ်းဆီးခဲ့သည်။

ဖေဖေါ်ဝါရီ ၈ ရက်နေ့က သျှမ်းရွှေ့ပြောင်းအလုပ်သမား အိုက်ထွန်းအသက် ၃၀ ကျော်နှင့် အိုက်ပိတ်အသက် ၂၀ ကျော်တို့နှစ်ယောက်အရက်မူးပြီး မယ်ကျို့တက္ကသိုလ်ကျောင်းသူများအဆောင်ဝင်းအတွင်း ပစ္စည်းခိုးရန်အခန်းထဲခိုးဝင်စဉ် အိပ်ပျော်နေသည့်အဆောင်သူတဦးအား မုဒိန်းကျင့်သတ်ဖြတ်ခဲ့သည်။ နောက်တနေ့တက္ကသိုလ်ကျောင်းသူ/သား များ ထောင်ချီစုဝေး၍ သျှမ်းရွှေ့ပြောင်းအလုပ်သမားအားလုံး တက္ကသိုလ် ပရဝုဏ်ဝန်းကျင်မှ ၂၄ နာရီအတွင်းဖယ်ရှားရန် ဆန္ဒပြ တောင်းဆိုခဲ့သည်။ ထိုအမှုကိုအကြောင်းပြုပြီး ထိုင်းရဲများ၊ လဝကများ၊ ဒေသခံအာဏာပိုင်များစုပေါင်း၍ ချင်းမိုင်မြို့နယ်အတွင်းရှိ သျှမ်းရွှေ့ပြောင်းအလုပ်သမားနေထိုင်ရာတန်းလျား၊ နေအိမ်၊ အလုပ်ရုံ၊ ဈေးတန်းနှင့်ဆေးရုံပါ မကျန်လိုက်လံရှာဖွေဖမ်းဆီးပြီး နယ်စပ်သို့ ချက်ချင်းပြန်ပို့သည်ဟုဆိုပါသည်။

သျှမ်းရွှေ့ပြောင်းအလုပ်သမားတဦးက–"ထိုင်းအာဏာပိုင်တွေ ဗမာပြည်ကလာတဲ့ အလုပ်သမားတွေကို အကြောင်းမရှိ အကြောင်းရှာပြီးဖမ်းနေတာကြာပါပြီ။ မဖြစ်သင့်တဲ့ကိစ္စ ထပ်ဖြစ်တော့ **'ငါးခုံးမတကောင်ကြောင့် တလှေလုံးပုပ်'** ဆိုသလို တရားခံနှစ်ယောက်ကို ဖမ်းမိနိုင်ပေမဲ့ အဖမ်းအဆီးတွေမပြီးပြတ်တော့ဘူး။ အခံရဆုံးက မယ်ကျို့၊ ဆန်ကမ်ပဲ့နန်းဆိုပေမဲ့ ချင်းမိုင်တမြို့လုံးနီးပါးက သျှမ်းအလုပ်သမားအားလုံးအထိနာတာဘဲ"– ဟုပြောပြ၏။

ထိုင်းမီဒီယာတချို့လည်း **'အရိပ်ခိုပြီးအခက်ချိုးသူများ'** – ဟု ဖော်ပြကြ၏။ ဖေဖေါ်ဝါရီ ၁၂ ရက်နေ့ကလည်းတက္ကသိုလ်ကျောင်းသားအင်အား ၄၀–၅၀ စုစည်းကာ သျှမ်းအလုပ်သမား ၄–၅ ယောက်အား သေလုမျောပါးစောင့် ရိုက်ကြောင်း၊ အလုပ်သမားတန်းဝင်စီးသည့် ထိုင်းအာဏာပိုင်များ ကလည်းရိုက်နှက်ကန်ကျောက်ကြောင်း၊ ရာနှင့်ချီသော အလုပ်သမားကဒ်ပါ နေရာ/ဒေသ မမှန်ကန်သူ၊ အလုပ် သမားကဒ် မရှိသူများ တောထဲပုန်းရှောင်ရသည့်အဆင့်ရောက်ကုန်ကြောင်း ဆောက်လုပ်ရေးအလုပ်သမားတဦး ကပြော၏။

ချင်းမိုင်ရှိသျှမ်းခေါင်းဆောင်တဦးက– "*ထိုင်းအာဏာပိုင်တွေ ဝါးလုံးရှည်နဲ့ အခုလိုရမ်းတာတော့မသင့်တော်ဘူး။ အခုဟာက အလုပ်သမားကဒ်ရှိရှိမရှိရှိ မြန်မာပြည်သားအလုပ်သမားအားလုံးအထိနာရုံတင်မက ထိုင်းအလုပ်ရှင်တွေလဲထိတာဘဲ။ တချို့ဈေးတွေပုဂ္ဂလိကဆေးရုံတွေမှာ သျှမ်းတွေအလုပ်သွားမလုပ်ရဲတော့ အောက်ခြေသိမ်းအလုပ်တွေမှာပြဿနာပေါ်တာဘဲ*"– ဟုဆို၏။ ❏



Photo : Bangkok Post

အထွေထွေ

# တာချီလိတ်တွင် လက်နက်များဖမ်းမိ နအဖ အရာရှိအချို့ပါဝင်



Image: Thai agencies

ယခုလ ၃ ရက်နေ့ တာချီလိတ် – ကျိုင်းတုံအထွက် မယန်း ဂိတ်၌ ပွိုင့်တူးတူး ၁ လက်၊ အဲမ် ၁၆ ၊ အေကေ ၄၇ သေနတ်များ အပါအဝင် လက်နက်မျိုးစုံ ၁၃ လက် နှင့်အတူ ကျည်ကပ်၊ ကျည်ဆံ အများအပြားကို ဂိတ်စောင့် အာဏာပိုင်များက ဖမ်းဆီးရမိကြောင်း၊ ထိုအကြောင်း နှင့်ပတ်သက်၍ သျှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံ အခြေစိုက် တြိဂံတိုင်းမှူးဗိုလ်မှူးချုပ်ကျော်ဖြိုး လာရောက်စစ်ဆေးကြောင်း – နယ်စပ်လားဟူသတင်းရပ်ကွက်ကဆိုသည်။

*အသက် ၄၀ ကျော် လားဟူအမျိုးသားတဦးက – "မယန်း ဂိတ် မှာ ဖမ်းမိတဲ့လက်နက်တွေ ဘယ်သူ့ဆီကဖမ်းမိတယ်ဆိုတာ သေသေချာချာမသိရပေမဲ့ ခမရ ၃၃၁ က ဗိုလ်ကြီးတယောက် နဲ့ အမြောက်တပ်က အရာရှိတယောက် ပါဝင်ပတ်သက်နေတယ်ဆိုတဲ့သတင်းတော့ပျံ့နေတာဘဲ။ ဒါကြောင့် ၄ ရက်နေ့ တုန်းကတြိဂံတိုင်းမှူးဗိုလ်မှူး ချုပ်ကျော်ဖြိုးတောင် အဲ့ကိစ္စလာရောက်စစ်ဆေးသွားသေးတယ်"*– ဟု ပြောပြပါသည်။

အမည်မဖော်လိုသူ ထိုင်းနယ်စပ်လုံခြုံရေးအရာရှိ တဦးက လည်း – *"အခုလ ၃ ရက် နေ့ ကမယ်ဆိုင်မြို့နယ် ဝိန်းဖန်းခမ်း အုပ်စုမှာလည်း လက်ပစ်ဗုံး ၄ လုံး၊ အဲမ် ၁၆ ကျည်ကပ် ၅ ခု၊ အဲမ် ၁၆ ကျည်ဆံ ၉၇၀၀ ထောင့် ဖမ်းမိတယ်"*– ဟု သျှမ်းသံတော်ဆင့်သို့ ပြောပြ၏။

ထိုင်းဘက်ခြမ်း၌ဖမ်းမိသော လက်နက်ပစ္စည်းများမှာ သျှမ်း သွေးပါသောဆုမ်ဝမ်ချိုင်းချန ဆိုသူနှင့် ၎င်း၏ ဇနီး နန်းကြူးကြူး၊ သုံးနှစ်အရွယ်သမီးတယောက် တို့နေအိမ်၌ ဖမ်းမိကြောင်း၊ *"သူ့မိန်းမက ထွက်ပြေးလွတ်မြောက်သွားတယ်၊ ဆုမ်ဝမ်ချိုင်းချန ပြောပြတာက အဲဒီ လက်နက် ပစ္စည်းတွေအားလုံးယာဘနဲ့ လဲဖို့တဲ့"* ဟုပြောကြောင်း ထိုထိုင်းအရာရှိကဆိုသည်။

မယ်ဆိုင်၌ဖမ်းမိသောကျည်ဆံများနှင့် တာချီလိတ်မယန်း ဂိတ်၌ဖမ်းမိသောသေနတ်များ ဆက်စပ်မှုရှိနိုင်ကြောင်း ထိုထိုင်းအရာရှိက ဆက်လက်ပြောပြသည်။ ❑

# ဘိန်းခြံတောင်သူများအပေါ် နအဖ စစ်ကြောင်းကျပ်သိန်းချီဆက်ကြေးကောက်

ကွန်ဟိန်းမြို့နယ် ကျိန်းလုမ်းအုပ်စုအတွင်း တပ်စွဲအခြေချ သည့် ကွန်ဟိန်းအခြေစိုက် ခမယ ၅၂၄ မှ ဗိုလ်ကြီးသက်နိုင်စိုး ဦး ဆောင်သော ကွန်မန်ဒိုစွန်ရဲစစ်ကြောင်းက လွန်ခဲ့သောဂျန္နဝါရီ ၂၇ ရက် အထိ ဒေသခံများထံ ဘိန်းခွန်ဆက်ကြေးကောက်သည်ဟုဆို၏။

*"စွန်ရဲစစ်ကြောင်းက ဘိန်းခြံခွန် ဆက်ကြေးဆင့်ဆိုတာ ကျနော်တို့ မိုက်ပဲ့ဂျိုလောင်းရွာ၊ ဖိုင်ရွာ၊ ကျိန်းလုမ်းရွာ၊ ဆိုင်မိန်းရွာ၊ နားကျိုင်းရွာ အပါ အဝင် ၁၀ ရွာလောက်ရှိမယ်။ တစ်ရွာအနဲဆုံးကျပ် ၅ သောင်းကနေ ၂ သိန်းကျော်အထိပေးရတယ်။ ဒ့ါအပြင် ဝမ့်လောင်းအုပ်စု၊ ဆိုင်းခေါင်အုပ်စုမှာ စခန်းချတဲ့ မိုးနဲအခြေစိုက် ခမရ ၅၁၈ ကလဲ ကျေးရွာ ၆ ရွာ စလုံးဘိန်းခြံခွန်ကောက်တယ်။ သူတို့က ပိုဆိုးတယ်။ ကျပ် ၁ သိန်းနဲ့ အထက်ချည်းဘဲ"* ဟု နယ်စပ်ရောက် ကျိန်းလုံးအုပ်စုမှရွာသား မိသားတစုက ပြန်လည်ပြောပြသည်။



Photo : SHAN

စာမျက်နှာ 30 သို့

# ဘုံပျောက် ရိုဟင်ဂျာများ ဒုက္ခသည်အဖြစ်လက်ခံရေးမရေရာ

အင်ဒိုနီးရှားနိုင်ငံတွင် သောင်တင်နေသည့် ရိုဟင်ဂျာ ၄၀၀ ကျော်ကိုဒုက္ခသည်အဖြစ် ခိုလှုံခွင့်ပေးသင့်မသင့်စဉ်းစားဆွေးနွေးရဦးမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးကပြောသည်။


Photo : AP

ဂျန္နဝါရီလလည်ပိုင်းက ထိုင်းနိုင်ငံတောင်ပိုင်းပင်လယ်ကမ်းခြေသို့ရောက်ရှိလာသည့် ပင်လယ်မျှော ရိုဟင်ဂျာဒုက္ခသည်လှေများအား ထိုင်းရေတပ်က(ပဲ့ထိန်းခုတ်မောင်းစက်ဖြုတ်၊ အစာရေစာအနည်းငယ်ဖြင့်)ပင်လယ်ပြင်သို့နှင်ထုတ်ခဲ့သောကြောင့် ၁၀ ဦးထက်မနည်းအသက်ဆုံးရှုံးခဲ့ရသည်ဟု နိုင်ငံတကာမီဒီယာများ၌ရေးသားဖော် ပြကြရာမှကမ္ဘာကျော်သွားခဲ့သည်။ ထိုင်းဝန်ကြီးချုပ်အဖိဆစ်ကဟုတ်မှန်ကြောင်းနောက်ပိုင်းကျမှဝန်ခံခဲ့သော်လည်း ဗမာစစ်အစိုးရကတော့ မြန်မာနိုင်ငံတိုင်းရင်းသားများတွင် ရိုဟင်ဂျာမျိုးနွယ်မရှိကြောင်း စစ်အစိုးရသတင်းစာ ၌ရေးသားထုတ်ပြန်သည်။ အင်ဒိုနီးရှားရှိဘင်္ဂလားဒေ့ရှ်သံရုံးယာယီတာဝန်ခံကလည်း ရိုဟင်ဂျာသည် ဘင်္ဂလားဒေ့ရှ်လူမျိုးစုမဟုတ်ဟုပြောပြန်၏။ သို့သော်နိုင်ငံမဲ့ ရိုဟင်ဂျာများကို အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက ဒုက္ခသည်အဖြစ်လက်ခံသင့်မသင့် စဉ်းစားမည်ဖြစ်ကြောင်းပြောဆိုသည်။

ဗမာစစ်အစိုးရကရိုဟင်ဂျာကို တိုင်းရင်းသားအဖြစ် လက်မခံသော်လည်း ဖဆပလ ခေတ်၌ ဝန်ကြီးချုပ် ဦးနု အစိုးရဝန်ကြီးအဖွဲ့တွင်ရိုဟင်ဂျာ တိုင်းရင်းသားတဦးအား ဝန်ကြီးအဖြစ်ခန့်ခဲ့ဖူးသည်ဟု ခေတ်ပြိုင်သတင်းစာကရေးသားသည်။ ❑



Cartoon: Irrawaddy

# နိုင်ငံမဲ့လူမျိုးရိုဟင်ဂျာ – ဘယ်ကလာသလဲ၊ ဘာ့ကြောင့်မွေးရပ်မြေစွန့်ခွာကြသလဲ

ရိုဟင်ဂျာဆိုတာဘာလူမျိုးလဲ၊ ဘယ်ကလာသလဲ၊ ဘာကြောင့် အသက်စွန့်ပြီး နိုင်ငံအသီးသီး ဆီပင်လယ်ရေကြောင်းခရီးနှင်ခဲ့ကြသလဲ – ဒီအချက်တွေကိုသိရှိသူသိပ်မများသေးဘူးလို့ခန့်မှန်းရပါတယ်။

ရိုဟင်ဂျာဆိုတာလူဦးရေ ၇ သိန်းကနေ ၁ ‚ ၅ သန်းရှိတဲ့၊ အီဆလာမ် ဘာသာကိုးကွယ်တဲ့၊ ရခိုင်ပြည်နဲ့ဘင်္ဂလားဒေ့ရှ်နယ်စပ် တလျှောက်နေထိုင်ကြတဲ့လူမျိုးစုဖြစ်တယ်။ ဒေဒီ ၇ ရာစုလောက်က ရခိုင်ပြည် မြောက်ပိုင်းဒေသတဝိုက် စီးပွားကုန်သွယ်အလုပ်နဲ့ပြောင်းရွှေ့အခြေချတဲ့ အါရပ်လူမျိုးတစုက နေတဆင့် မူဆလင်မ်ဖြစ်လာကြတာ ဖြစ်တယ်။ ပြောဆိုတဲ့ဘာသာစကားက ဘင်္ဂါလီနဲ့ခပ်ဆင်ဆင်ဖြစ်ပြီး စာပေကျတော့အာရပ်စာနဲ့တူတယ်။ တချို့စာလုံးတွေ ဗမာစာနဲ့ဆင်တယ်။



Photo : AP

လွန်ခဲ့တဲ့ရာစုနှစ်တွေမှာမိမိမွေးရပ်မြေအတွက်ကာကွယ်ခုခံ တဲ့ တိုက်ခိုက်ရေးသမားတွေဖြစ်ခဲ့တယ်။ နောက်ပိုင်းတော့နှိပ် ကွပ်ချုပ်ခြယ်ဝါး။မိခံရပြီး ဗမာပြည်ရဲ့တခြား လူမျိုးစုတွေရှိတဲ့ အခွင့်အရေးမျိုးကိုတောင် တခုမှမရခဲ့ကြတာ ကနေ့အထိဖြစ်ပါတယ်။

ဗမာပြည်ရဲ့ ၁၉၈၂ နိုင်ငံသားဥပဒေအရ ရိုဟင်ဂျာ တွေနိုင်ငံသား ဖြစ်ခွင့်မရကြပါဘူး။ မိမိတို့နေထိုင်တဲ့ရပ်ရွာမြို့နယ်တွေကနေ တရပ်တကျေးကို ပြောင်းရွှေ့နေထိုင်ခွင့်၊ ခရီးသွားခွင့်၊ ကိုယ့်ဘာသာ အိမ်ထောင်ပြုခွင့်၊ ဗလီကျောင်းဆောက်ခွင့်တွေမရှိကြပါဘူး။ အာဏာပိုင်တွေကို ငွေများများလာဘ်ထိုးနိုင်မှ ခွင့်ပြုချက်ရကြပါတယ်။ အဲဒီဖိနှိပ်မှုတွေကြောင့် ရိုဟင်ဂျာ ၂ သိန်းကျော်ရခိုင်ပြည်ကနေ ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲဒုက္ခသည်အဖြစ်ထွက်ပြေးခဲ့ကြရတယ်။

လွန်ခဲ့တဲ့အနှစ် ၂၀ နီးပါးကစပြီး နဝတ/နအဖ စစ်အစိုးရ ဒေသခံတပ်ရင်းတပ်ဖွဲ့တွေရဲ့ နည်းလမ်းပေါင်းစုံလူမဆန်စွာ လူ့အခွင့်အရေး ချိုးဖေါက်ဖိနှိပ်မှုတွေကြောင့် (စားဝတ်နေရေး ကြပ်တည်း ဆင်းရဲတေ်ပြတ်နိမ့်ကျတဲ့) နေမထူးသေမထူးဘဝ ဝဲဩဃထဲနစ်မွန်းနေကြတဲ့ ရိုဟင်ဂျာအထောင်အသောင်းဟာ အိမ်နီးနားချင်းနိုင်ငံအသီးသီးဆီ ပင်လယ်ရေကြောင်းလမ်းကနေ သက်စွန့်ဆံဖျားထွက်ပြေးခဲ့ကြတယ်။ အဓိကအားဖြင့် ဘင်ဂလာဒက်ရှ်ပါကစ္စတန်၊ ဆော်ဒီအာရေးဗီးယားနိုင်ငံတွေဆီရောက်သွားကြပါတယ်။ နောက်ပိုင်းတော့ထိုင်း၊ မလေးရှား၊ ကနေအာရပ်စော်ဘွားများနိုင်ငံအထိ ရောက်သွားကြသူတွေရှိပါတယ်။

ဘင်္ဂလားဒေ့ရှ်နဲ့ရခိုင်ပြည်ကနေထွက်ပြေးကြတဲ့ ရိုဟင်ဂျာလှေစီးဒုက္ခသည်တွေ တဖြည်းဖြည်းများလာလို့ (၂၀၀၇–၂၀၀၈) နှစ်နှစ် အတွင်းမှာဘဲထိုင်းနိုင်ငံတောင်ပိုင်းပင်လယ်ဆိပ်ကမ်း ၃–၄ မြို့နယ်မှာတင် ထိုင်းအာဏာပိုင်တွေ တခါတခါ ရာနဲ့ချီ မကြာခဏဖမ်းမိလို့ တနှစ်မှာ (လူငယ်လူလတ်ပိုင်း ယောကျ်ားချည်း) အနည်းဆုံး ၁၀,၀၀၀၀ လောက်ရှိတယ်လို့ဆိုပါတယ်။

ရိုဟင်ဂျာကိစ္စကို **BBC, CNN** သတင်းဌာနတို့က ဂျန္နဝါရီလဆန်းပိုင်းမှာ သတင်းအဖြစ် ဖေါ် ပြထုတ်လွှင့်ရာကနေ ဒေသတွင်းပြဿနာတခုအဖြစ် ထိုင်းမီဒီယာတွေကလဲ မီးမောင်းထိုးထုတ်ဖေါ်လာရပါတယ်။ ဖေဖေါ် ဝါရီလနှောင်းပိုင်းအာဗီယံထိပ်သီးညီလာခံမှာ သက်ဆိုင်ရာ ၃ – ၄ နိုင်ငံတို့ဆွေးနွေးညှိနှိုင်းကြရမယ့် အစီအစဉ်တခုဖြစ်လာဘို့ရှိပါတယ်။

အလုံးစုံလူ့အခွင့်အရေးဆုံးရှုံးနေကြတဲ့ရိုဟင်ဂျာတွေဟာ ခရီးသွားခွင့်၊ ပညာသင်ကြားခွင့်၊ အိမ်ထောင်ပြုခွင့်၊ နိုင်ငံသားဖြစ်ခွင့်ပိတ်ပင်ခံရတာတင်မက တချို့ဆိုရင်ပြည်ပနိုင်ငံရောက်ပြီး အလုပ်လုပ် ရပြန်တော့လဲ မဝရေစာသာစားရပြီး လုပ်အားခမရကြတာ တွေ့ဒုနဲ့ဒေး ရှိပါတယ်။ လူသားဖြစ်လျက်နဲ့ တိရိစ္ဆာန်သာသာအဆင့်မှာ အသက်ရှင်သန်ရေးရုန်းကန်ကြရတဲ့ရိုဟင်ဂျာဘဝဟာ ရင်ထုမနာစရာကောင်းလှပါတယ်။

**ထိုင်းသတင်းစာများမှ–**

သျှမ်းသံတော်ဆင့်အဖွဲ့ဝင်တဦးဘာသာပြန်သည်



Photo : AP

# ၄၈ နှစ်မြောက် ကချင်တော်လှန်ရေးနှင့် လူငယ်အတွေး




"KIO က ၂၀၁၀ ရွေးကောက်ပွဲဝင်မယ်ဆိုတာ လုံးဝကို မဖြစ်သင့် ဘူးလို့ထင် တယ်။ ဒီနည်းလမ်းအတိုင်းသွားမယ်ဆိုရင် စစ်လက်အောက်ကို လုံးလုံးရောက်သွားမှာပဲ လို့မြင်တယ်။ ကျနော်တို့ရချင်နေတဲ့ တန်းတူညီမျှမှုတွေရမှာမဟုတ်ဘူး။ တော်လှန်ရေးအလုပ်ကို ကျနော်တို့ဘိုးဘွား၊ ဘီဘင်က မျိုးချစ်ပုဂ္ဂိုလ်တွေကစခဲ့တယ်။ အခုနှစ်ပေါင်းများစွာကြာခဲ့ပေမယ့် ကျနော်တို့မျှော်မှန်းတဲ့လွတ်လပ် ရေးမရသေးဘူး။"

**နော်လာ**
ထိုင်းနိုင်ငံအခြေစိုက် ကချင်ကျောင်းသားသမဂ္ဂ(AKSYU)

"KIO အနေနဲ့ ကချင်တိုင်းရင်းသားများဘက်မှ မားမားမတ်မတ်ရပ်တည်ပေးသင့်တယ်။ လက်ရှိပုံစံအတိုင်း ဆက်လက်ဆောင်ရွက်နေရင်တချိန်ချိန်မှာအန္တရာယ်ရှိလာမယ်။ ငြိမ်းချမ်းရေးယူပြီးတဲ့နောက်ပိုင်းပိုဆိုးလာတယ်။ လူထုအကျိုးအတွက် အကာအကွယ်မပေးနိုင်ဘူး။ တော်လှန်ရေးလုပ်တဲ့အချိန်ကဆိုလူမှုရေး၊ စီးပွားရေး ကအစ ကချင်လူထုတွေကိုကာကွယ်ပေးတာရှိတယ်။ အခုဆိုရင်သူတို့နဲ့နအဖ ငြိမ်းချမ်းရေးယူသွားတဲ့နောက်ပိုင်းမှာ နအဖဘက်ကလည်းသူတို့ကို အတိုင်းအတာတခုအထိဖိအားပေးမှုအပေါ်မှာ ကချင်လူထုကဟိုတုန်းကလို အဆင်မပြေတော့ဘူး။ ဒါပေမဲ့ KIO ဟာ ကချင်လူထုရဲ့ အမျိုး သားရေးစိတ်ဓါတ် မြှင့်တင်ပေးရေးဆောင်ရွက်ချက်တွေမှာအောင်မြင်တယ်လို့သုံးသပ်နိုင်တယ်။"

ဥက္ကဌ **ကိုအောင်ဝါ**
တရုပ်နယ်စပ်အခြေစိုက်ကချင်ဖွံ့ဖြိုးရေးကွန်ယက်

KIO သည် ကချင်လွတ်လပ်ရေးတပ်မတော် KIA ၏ နိုင်ငံရေးဦးဆောင်အဖွဲ့ဖြစ်သည်။ ၁၉၉၄ တွင် စစ်အစိုးရနှင့်အပစ်ရပ်ခဲ့ သည်။ အဖွဲ့ကို ၁၉၆၁ ဖေဖေါ်ဝါရီ ၅ ရက် နေ့တွင် ကချင်ကျောင်းသားခေါင်းဆောင် ဇော်ထူး နှင့် ဇော်ဆိုင်း ညီအစ်ကို နှစ်ဦးစတင်ဖွဲ့စည်းကာကချင်တိုင်းရင်းသား လက်နက် ကိုင်တော်လှန်ရေး စတင်ခဲ့သည်။





(sources/photos: www.irrawaddy.org)

# အနှစ် ၆၀ ကရင့်တော်လှန်ရေးနေ့ (31.01.09)

"ကရင်တိုင်းရင်းသားတွေ လွတ်မြောက်ရေးအတွက် တိုက်ပွဲဆက် ဝင်နေဦးမှာပဲ။ ကျနော်တို့ ပန်းတိုင်မရောက်မချင်းဆက်သွားနေမှာပါ။"

**ဗိုလ်ချုပ်မူတူး**



**ဗိုလ်ချုပ်မူတူး**

"စစ်တိုက်တယ်ဆိုတာ တခါတလေရှေ့ကိုတိုးတိုက်ရပေမယ့် တခါတလေနောက်ဆုတ်ရတာရှိတယ်။ ဒါ့ကြောင့် ကျနော်တို့ လည်း တခါတလေမှာ ရှေ့ကိုတိုးနိုင်ဖို့ နောက်ဆုတ်ရတဲ့အခါမျိုးတွေရှိနိုင်ပါတယ်"

**KNU ဒုဥက္ကဋ္ဌဒေးဗစ်တာကပေါ**

"ကရင့်တော်လှန်ရေးက သမိုင်းရှိတယ်၊ ရှင်းပါတယ်၊ သန့်ပါတယ်၊ တရားပါတယ်၊ မှန်ပါတယ်၊ ဒီသမိုင်းဟာ ဒီမိုကရေစီရဲ့သမိုင်း၊ အနှိပ်စက်ခံပြည်သူတွေရဲ့သမိုင်းဖြစ်ပါတယ်။ ယခုခေတ်ဟာလူသားအားလုံးတန်းတူအခွင့်အရေး အညီအမျှရရှိပြီး လူ့အဖွဲ့အစည်းကို ငြိမ်းချမ်းသာယာစွာ အတူလက်တွဲတည်ဆောက်ရမယ့်ခေတ်၊ ရင်ဘောင်တန်းချီတက်ရမယ့်ခေတ်ဖြစ်တာကြောင့် ကရင့်ခေါင်းဆောင်ကြီးများ ချမှတ်ကျင့်သုံးခဲ့တဲ့ **ကရင်တကျပ်ဗမာတကျပ်** ဆိုတာတရား တယ်။ တော်လှန်ရေးခေါင်းဆောင်ကြီးများရဲ့ ခုခံစစ် တော်လှန်စစ်လို့ ကျောင်းသားများကထောက်ခံတယ်။ ကျနော် တို့ကျောင်းသားများရဲ့ ပေးဆပ်မှုအများစုဟာ ကရင့်နယ်မြေထဲမှာ အခြေပြုခဲ့ပါတယ်။ ဆက်လက် လက်တွဲတိုက်ပွဲဝင်မယ်လို့ ဒီနေရာကနေ သစ္စာအဓိဋ္ဌာန်ပြုပါတယ်"

**ကိုသံခဲ (ABSDF ဥက္ကဋ္ဌ)**

"ကရင့်တော်လှန်ရေးဟာဟိုးတုန်းကအင်အားကြီးမားခဲ့ ပေမယ့် နောက်ပိုင်းစစ်ရေးကိုအခြေပြုလွန်းတာကြောင့်နိုင်ငံရေးဘက်မှာ အားနည်းခဲ့တယ်။ မဖြစ်သင့်တာဖြစ်ခဲ့ရတယ်။ ဥပမာ ဒီကေဘီအေပေါ် ပေါက်လာတာမျိုး။ အချိန်မဟုတ်ဘဲ အစိုးရဖွဲ့တာမျိုးပေါ့။ ဖဒိုမန်းရှာလားဖန်း အထွေထွေအတွင်းရေးမှူးအဖြစ်တာဝန်ယူတဲ့ ကာလမှာတော့ နိုင်ငံရေးက စစ်ရေးကို ဦးဆောင်မှုပေးလာနိုင်ခဲ့တယ်။ ကေအဲန်ယူဆိုပေမယ့်ကျနော့်အမြင်ပြောရရင်မြန်မာနိုင်ငံတော်လှန်ရေးတခုလုံးကို ကိုယ်စားပြုတယ်။ ကေအဲန်ယူရဲ့အရိပ်အာဝါသအောက် မှာ တပ်ပေါင်းစုတွေ၊ တပ်ဖွဲ့တွေ၊ အစိုးရတွေကစနစ်တကျသွားနိုင် တယ်။ အဲလိုသွားနိုင်ဖို့လည်းကေအဲန်ယူကအများကြီးပံ့ပိုးပေး တယ်။"

**ကိုခိုင်လင်းအောင် ရခိုင်ကျောင်းသားတပ်မတော်**

၂၀၀၈ ဖေဖော်ဝါရီ ၁၄ ရက်နေ့က ကျဆုံးခဲ့သော KNU အထွေထွေ အတွင်းရေးမှူးဖဒိုမန်းရှာလားဖန်း၏ သမီးငယ် ဇိုရာဖန်းလည်း အင်္ဂလန်နိုင်ငံမှနေ၍ တော်လှန်ရေးအနှစ် ၆၀ ပြည့်အခမ်းအနား တက်ရောက်ရန်ပြန်လာခဲ့သည်။

**"ဗမာစစ်အစိုးရက ကရင်တိုင်းရင်းသားနဲ့ခေါင်းဆောင် တွေကိုခြေမှုန်းဖို့ကြိုးစားခဲ့တယ်။ ဒါပေမယ့်သူတို့ဒီလိုလုပ်လို့လုံးဝ မရဘူးဆိုတာ ဒီအခမ်းအနားကသက်သေပြနေပါတယ်"** ဟု ဇိုရာဖန်းက အခမ်းအနားတွင်ကြွေးကြော်ခဲ့သည်။

ယခုအခါ ဖဒိုမန်းရှာ၏မိသားစုက ဖန်းဖေါင်ဒေးရှင်းဟူ၍ တည်ထောင်ကာ မိမိ၏ပြည်သူလူထုအတွက် အကျိုးရှိမည့် အလုပ်များလုပ်ဆောင်သော ကရင်မျိုးဆက်သစ် လူငယ်များအား ချီးမြှင့်ရန် အမေရိကန်ဒေါ်လာ ၂၀၀၀ တန်ကြေးရှိသည့်ဆုကို **"ဖဒိုမန်းရှာလားဖန်း လူငယ့်ခေါင်းဆောင်ဆု"** ဟု အမည်ပေးထားသည်။ ကရင်မျိုးဆက်သစ်လူငယ်များထဲမှ ဒေသတွင်းခေါင်းဆောင်မှုပြုနိုင်သူ၊ ဆင်းရဲပပျောက်ရေးအတွက် ဆောင်ရွက်နိုင်သူ၊ ပညာရေးအစီအစဉ် မြှင့်တင်ပေးနိုင်သူ၊ ဖွံ့ဖြိုးရေးအစီအစဉ်များမြှင့်တင်ပေးနိုင်သူနှင့် ကရင်ယဉ်ကျေးမှုကို ထိန်းသိမ်းဆောင်ရွက်နိုင်သူများအား ၎င်းဆုကိုချီးမြှင့် သည်။



sources www.irrawaddy.org, Photos: NEJ

# ၆၂ ကြိမ်မြောက် သျှမ်းပြည်အမျိုးသားနေ့

ဖေဖော်ဝါရီ ၇ ရက်နေ့၌ ကျရောက်သော ၆၂ ကြိမ်မြောက် သျှမ်းပြည်အမျိုးသားနေ့အခမ်းအနားကို ရှမ်းပြည်တပ်မတော် SSA လွယ်တိုင်းလျဲန်းဌာနချုပ်တွင်ကျင်းပခဲ့သည်။

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RSSS ဥက္ကဋ္ဌ ဗိုလ်မှူးကြီးယွက်စစ် အဖွင့်မိန့်ခွန်းစကားပြောပြီး လားဟူဒီမိုကရက်တစ်ယူနီယံ LDU ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP၊ ဝ အမျိုးသားတပ်မတော် WNA ၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် PNLO ခေါင်းဆောင်များအသီးသီး မိန့်ခွန်းမြွက်ကြားကြသည်။ ပြည်တွင်းပြည်ပသတင်းထောက်များလည်းတက်ရောက်ပြီး လူအင်အားတထောင်ခန့်ရှိကြောင်း ပွဲတက်ရောက်သူတဦး ကဆိုပါသည်။



Photo : SHAN

ဗိုလ်မှူးကြီးယွက်စစ်မိန့်ခွန်းကောက်နုတ်ချက်မှာ– *"အခုမိ သျှမ်းပြည်ဟာဘိုးစဉ်ဘောင်ဆက် အတူနေလာခဲ့ကြတဲ့ တိုင်းရင်းသားသားများအားလုံးရဲ့ ကိုယ်ပိုင်တိုင်းပြည်ရေမြေနယ်နမိတ်ဖြစ်တယ်။ ဗမာစစ်အစိုးရ မတရားကျူးကျော်ခဲ့တဲ့အတွက် ကျနော်တို့တိုင်းပြည် မဲ့ဘဝရောက်နေပြီ။ တခြားတိုင်းပြည်ကို တိမ်းရှောင်ခိုလှုံဝမ်းစာရှာရတယ်။ အားလုံးစုပေါင်းပြီးစစ်အစိုးရကိုတွန်းလှန်ဖို့၊ အမိမြေကျေးဇူးဆပ်ဖို့၊ အခုကစပြီးတညီတညွတ်တည်းကြိုးစားရမယ်။ အမိမြေကို ထပ်ပြီးမစွန့်ခွာကြပါနဲ့ – လို့ပြောသွားခဲ့တယ်"*– ဟုပွဲတက်ပရိသတ်တဦးကပြောပြ၏။

အလားတူ ဝ အမျိုးသားတပ်မတော် WNO / WNA လွယ်ဝဟော့ဌာနချုပ်တွင်လည်း ပအိုဝ်းလွတ်မြောက်ရေးတပ်မတော်၊ သျှမ်းပြည်တပ်မတော် နှင့် ဝ အမျိုးသားတပ်မတော်တို့ သျှမ်းပြည်အမျိုးသားနေ့ကိုအတူတကွ အခမ်းအနားကျင်းပခဲ့ကြကြောင်းသိရသည်။ ❏

စာမျက်နှာ 25 မှ

ဘိန်းခြံဆက်ကြေးအပြင် ရွာသားများ၏ အိမ်မွေးကြက်၊ ဝက်၊ ဘဲများကိုလည်း စစ်ကြောင်းရိက္ခာအတွက်ဟုဆိုကာ အမြဲမပြတ် ယူဆောင် လေ့ရှိသည်ဟုဆို၏။

*"ရောက်တဲ့ရွာက ရွာသူကြီးကိုခေါ်ပြီး – ခင်ဗျားတို့ရွာက ဘိန်းခွန် ၂ သိန်းကျတယ်၊ ၃ သိန်းကျတယ်။ မပေးရင်ဘိန်းခြံ အထိ သွားပြီးရှင်းပစ်မယ်။ အခုကျုပ်တို့သဘောမနောကောင်းကောင်းနဲ့ ရွာထဲလာပြီးဆင့်ဆိုတာကို တောင်းသလောက်ပေးပါ၊ ဘာမှဇောဒကတက်စရာမလိုဘူး – လို့ ခြိမ်းခြောက်တော့ ခွဲတမ်းတွက်ပြီး ဝိုင်းပေးရတာပေါ့ဟု"*အခဆိုပါ ရွာသားမိသားစုကဆက်ပြော၏။

ယခုနှစ် ဘိန်းပျိုးပင်ပေါက်ချိန် မိုးကြီးခြင်းကြောင့်တစ်ကြောင်း၊ ရာသီဥတုအေးလွန်းသဖြင့်တစ်ကြောင်း သျှမ်းပြည်အလယ်ပိုင်းနှင့် တောင်ပိုင်း နေရာတော်တော်များများတွင် ဘိန်းစိုက်ဧရိယာတိုးလာသော်လည်းဘိန်းအထွက်နှုန်း အထူးကျဆင်းသည်ဟုသိရ၏။ သို့သော် နအဖ စစ် ကြောင်း ကကျေးလက်လူထု၏ အရှုံးပေါ်အထိနာမှုကို စိတ်မဝင်စား ငွေရရေးတစ်ခုတည်းအတွက်ကိုသာ အမိန့်အာဏာဖြင့် ဆင့်ဆိုသောကြောင့် ဘိန်းခြံလုပ်သည်ဖြစ်စေ မလုပ်သည်ဖြစ်စေ ၎င်းတို့တောင်းသလောက် ရပ်ရွာအိမ်တိုင်းစေ့ ပိုက်ဆံကောက် ပေးနေရကြောင်း ဒေသခံရွာသားများပြောပြချက်အရသိရပါသည်။

အလားတူ ၂၀၀၈ နှစ်ကုန်ပိုင်းကတည်းက ယခုချိန်အထိ ၁လ ၁ – ၂ ကြိမ် သျှမ်းပြည်တောင်ပိုင်း နမ့်ဇာန်မြို့နယ် နောင်ဟီးအုပ်စုရွာသားများထံဘိန်းခွန်သွားရောက်ကောက်စားသော နမ့်ဇာန်အခြေစိုက် ခလရ ၆၆ မှ နအဖနယ်လှည့် စစ်ကြောင်းလည်း ကျေးလက်လူထု၏ ခြံထွက်သီးနှံများ ကြက်၊ ဝက်၊ ဘဲများအားစိတ်ထင်တိုင်း ပစ်သတ်ဖမ်းယူကြကြောင်း၊ ရွာသူကြီးများအားလည်း *"ခင်ဗျားတို့ဘိန်းခွန်ဆောင်ရင် ရွာသားတွေ ဘိန်းများများစိုက်လေ ကျုပ်တို့အတွက်ကောင်းလေဘဲ"* ဟုပင်ပြောကြောင်း နမ့်ဇာန်ဒေသခံ တစ်ဦးကပြန်လည်ပြောပြ၏။

*"ဘိန်းခြံရှင်ဆိုရင်တအိမ် ကျပ် ၄ သောင်းကောက်တယ်၊ ဘိန်းခြံမရှိလည်း တအိမ် ကျပ် ၁ သောင်း ကောက်တယ်"* ဟု ၎င်းကပြောပြသည်။

ယခုနှစ်ဘိန်းစိုက်ရာသီ သျှမ်းပြည်အတွင်း ဘိန်းအထွက်နှုန်းမကောင်းသော်လည်း အရှေ့တောင်အာရှ ထွက်တဲ့ဘိန်းအားလုံး၏ ၉၆ % ကို မြန်မာနိုင်ငံမှ ထုတ်လုပ်ခြင်းဖြစ်ပြီး ကမ္ဘာ့ဘိန်းထွက် ဒုတိယအများဆုံးနိုင်ငံအဖြစ် နေရာယူထားဆဲဖြစ်သည်ဟု ကမ္ဘာ့ကုလသမဂ္ဂ မူးယစ် ဆေးဝါး နှင့် ရာဇဝတ်နှိမ်နင်းရေးရုံး UNODC က ဆိုထားပါသည်။ ❏

တွေ့ဆုံမေးမြန်းခန်း

# ဗိုလ်မှူးကြီးယွက်စစ် နှင့် အင်တာဗျူး (8.2 .2009)



**မေး** ကလေးစစ်သားကိစ္စ

**ဖြေ** ကျနော်တို့ SSA မှာ ကလေးစစ်သားမရှိဘူး။ ကလေးစစ်သားပါ ကောက်ယူစုဆောင်းတဲ့ ပေါ်လစီလဲမရှိဘူး။ ကလေးစစ်သားကောက် တယ်ဆိုတာသူတို့ကို ခေါ်လာပြီး စတေးပစ်တာနဲ့အတူတူဘဲ။ အသက် ၁၈ နှစ်အထက်ချည်းဘဲ၊ ကျနော်တို့စစ်သားသစ်စုဆောင်းတယ်။ တယောက် ၅ နှစ်စီစစ်မှုထမ်းရမယ်။ အရင်ကလည်း သတင်းထောက် တွေ လာပြီးစုံစမ်းမေးမြန်းဖူးတယ်။ ဓါတ်ပုံတွေအများကြီးရိုက်သွားတယ်။ အဲဒီအထဲမှာ *အယ်ဂျဇီးရားသတင်းဌာန* လဲပါတယ်။ နောက်ထပ် လာစစ်ဆေးချင်သေးတဲ့ သူတွေရှိမယ်ဆိုရင် ကျနော်တို့ ၂၄ နာရီ ကြိုဆိုတယ်။ UN ကလူတွေကို ပိုလာစေချင်တယ်။ ကလေးစစ်သားကိစ္စနဲ့ ပတ်သက်ပြီး မေးမြန်းဆန်းစစ်လိုတဲ့အဖွဲ့/ပုဂ္ဂိုလ်တွေရှိရင် စိုင်းလောဝ်ဆိုင် (သို့) စိုင်းဆိုင်မိန်း ၀၈၉-၂၆၆ ၃၅၀၇ တို့ကိုဆက်သွယ်နိုင်ပါတယ်။

**မေး** မြေမြှုပ်မိုင်းကိစ္စ

**ဖြေ** ကျနော်တို့ SSA ကမသုံးဘူး၊ လုပ်လဲမလုပ်တတ်ဘူး၊ လုပ်တဲ့ပစ္စည်းကိရိယာလဲ ကျနော်တို့မှာ မရှိဘူး။ ကျနော်တို့သုံးတတ်ရင်တောင် ဘာမှအကျိုးရှိမှာမဟုတ်ဘူး။ ကျနော်တို့တပ်မတော်သား နဲ့လူထုကို ဘဲဘေးဒုက္ခဖြစ်စေမယ်။ ဗမာစစ်တပ်ကဘဲအမြဲသုံးလေ့ရှိတယ်။ မိုင်းလုပ်စက်ရုံလဲ သူတို့ရှိတယ်။ ကျနော်တို့လူတွေတောင်နင်းမိတယ်။ ကျေးလက်လူထုလဲ မကြာခဏနင်းမိတယ်။ လွန်ခဲ့တဲ့ ၁၂/၁၁/၀၈ က တိုက်ပွဲဖြစ်ပြီးနောက်ပိုင်း ကျနော်တို့လူအချို့နင်းမိကြသေးတယ်။ မကြာ ခဏမိုင်းနင်းမိတာက သံလွင်မြစ်ကြော အနီးနားတဝိုက်ဘဲ။

**မေး** သျှမ်းပြည်လူမျိုးစုများညီညွတ်ရေး

**ဖြေ** ဟိုးလွန်ခဲ့တဲ့အချိန်တွေကသည်းက ညီညွတ်သင့်တာ၊ ညီညွတ်ရေးခိုင်မြဲသင့်ခဲ့တာပါ။ အချိန်တွေစောင့်နေဘို့မလိုတော့ပါဘူး။ အချင်းချင်း အပုပ်ချစွပ်စွဲဘို့ အပြစ်ချောင်းနေကြဘို့ အချိန်မဟုတ်တော့ပါဘူး။ လူမျိုးစုအဖွဲ့အစည်းတိုင်း တိုင်းပြည်အတွက်အင်အားဖြစ်တယ်။ သျှမ်းပြည်တိုင်းရင်းသား သိသင့်သိထိုက်တာက ကျနော်တို့မှာ တိုင်းပြည် ရေမြေနယ်နမိတ်ရှိတယ်။ ညီညွတ်ရေးဖြစ်မြောက်ဘို့ (၂၁-၂၃/၁၂/၀၈ နေ့တွေမှာ)ကျနော်တို့ ၄-၅ ဖွဲ့ (ပအိုဝ်း၊ ဝ ၊ လားဟူ၊ သျှမ်း) စုဝေး ဆွေးနွေးသဘောတူညီချက်အရ သျှမ်းပြည်ကွန်ကရက် Shan State Congress (ယာယီ) ထူထောင်ထားတယ်။ တိုင်းရင်းသား လူမျိုးစုအသီးသီးလက်တွဲပူးပေါင်းစေချင်တယ်။ ဒီ SSC ကွန်ကရက်ဟာ ဘယ်သူ့လက်အောက်မှာ မနေဘူး။ အဖွဲ့အစည်းအသီးသီးနဲ့ တပ်ဖွဲ့အသီးသီး SSC အောက်မှာ ရှိ သင့်တယ်။

**မေး** ရွှေတြိဂံဒေသက မာဖီယားဂိုဏ်းခေါင်းဆောင် မူးယစ်ရာဇာ နော်ခမ်းကိစ္စ။

**ဖြေ** နော်ခမ်းဟာကျနော်တို့အဖွဲ့ကမဟုတ်ဘူး။ သူက MTA ခွန်ဆာ့လူဟောင်းဖြစ်တယ်။ တာချီလိတ်က ဗမာဗျူဟာမှူးရဲ့မိတ်ဆွေ ကောင်းဘဲ။ ပြဿနာတွေပေါ်ပြီးနောက်ပိုင်း ထိုင်းထဲ/လောဝ်ထဲ သူထွက်ပြေးခဲ့တယ်။ သူ့လူတွေအခွန်အတုတ်တွေကောက်စားတာတောင် ကျနော်တို့ နာမည်ကိုအလွဲသုံးစားလုပ်ပြီး ခြိမ်းခြောက်ရိုက်စားတယ်။ ကျနော်တို့အဖွဲ့ဆိုရင်သက်သေအထောက်အထား ပြေစာ ဖြတ်ပိုင်းအစစ်တွေရှိတယ်။ စည်းနဲ့ကမ်းနဲ့ ကျနော်တို့စနစ်တကျလုပ်တယ်။ နော်ခမ်းက ဒေသခံပြည်သူ့စစ်အဖွဲ့တွေနဲ့ ချိတ်ဆက်ပူးပေါင်းထားတယ်။ တာချီလိတ် ဗျူဟာမှူးနဲ့နားလည်မှုယူခွဲတမ်းပေးပြီး မူးယစ်ဆေးဝါးခွန်တွေ ဆက်ကြေးကောက်တယ်။ ဒါတွေလူထုကိုသိစေချင်တယ်။ နော်ခမ်းနဲ့ ကျနော်တို့ကြားမှာ ဆက်သွယ်ဆက်ဆံ မှုမရှိဘူး။ MTA လက်ထက် (၁၉၈၆ – ၁၉၉၆)မှာ တခါဘဲတွေ့ဖူးကြတယ်။ ကျနော်တို့နာမည်နဲ့ လိမ်လည်ခုတုံးလုပ်ပြီး အခွန်တုတ်တွေ လိုက်ကောက်စားကြတာက နော်ခမ်းတင်မကပါဘူး။ တခြား ဂျိုကျိုး နားရွက်မဲ့အဖွဲ့အချို့ရှိသေးတယ်။ နော်ခမ်းတို့ဒီလို မဟုတ်က ဟုတ်ကလျှောက်လုပ်တဲ့ကိစ္စနဲ့ ပတ်သက်

စာမျက်နှာ 34 သို့

# စစ်မှန်သောပြည်ထောင်စု အဓိပ္ပါယ်ဖွင့်ခြင်း


Photo: ENC

**❑ စစ်မှန်သောပြည်ထောင်စုဆိုတာဘာလဲ?။**

"ပင်လုံစာချုပ် ကိုအဓိပ္ပာယ်ဖွင့်ဆိုတဲ့အပိုင်းမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့လမ်းညွှန်မှု ၇ ရပ်ကိုအခြေခံပြီးတော့ ပြောရမှာဖြစ်ပါတယ်။ စစ်မှန်သောပြည်ထောင်စုဆိုတာ အဲဒီအပေါ်အခြေတည်ပါတယ်။"

**စောဒေးဗစ်ထော**

"စစ်မှန်သောပြည်ထောင်စု Idea စံပြပြည်ထောင်စုဆိုတာမရှိပါဘူး။ လူတွေကအတတ်နိုင်ဆုံးအညီအမျှပြည်နယ်တွေတိုင်းနိုင်ငံတွေစုစည်းပြီးတော့ဖွဲ့စည်းထားတဲ့နိုင်ငံမျိုး။ အရင်ဦးဆုံးပေါ်တာက ဆွီစလန်နိုင်ငံ၊ နောက်တော့အများသိတဲ့အမေရိကန်၊ ဒီနိုင်ငံနှစ်ခုကို စံပြယူကြတာဖြစ်တယ်။ဘယ်လောက်ထိစစ်မှန်တယ်မစစ်မှန်ဘူးဆိုတာကလူတွေအပေါ်မှာဘဲမူတည်ပါတယ်။ ဒါပေမဲ့အဓိကကတော့ ပြည်ထောင်စုထဲမှာပါဝင်ကြတဲ့လူတွေ ဘယ်လောက်အညီအမျှလုပ်ပိုင်ခွင့်ရှိတယ် မရှိဘူး။ ကိုယ့်နယ်ကိုဘယ်လောက်အထိထိန်းချုပ်ကာကွယ်နိုင်တယ်။ အဲဒီအချက်အပေါ်မူတည်ပြီးတော့ ပြည်ထောင်စုသတ်မှတ်ကြတယ်"

**❑ ဗမာစစ်တပ်ကြီးစိုးနေခြင်းဟာ လူမျိုးစုပြဿနာပေါ်မှာ အခြေခံပါသလား?။**

"ဗမာစစ်အစိုးရက အာဏာလက်ဝါးကြီးအုပ်ပြီး ဗိုလ်ကျတဲ့ အတွက် လက်နက်ကိုင်လှုပ်ရှားမှုပေါ်ပေါက်လာတယ်။ ဒီလက်နက်ကိုင်လှုပ်ရှားမှုတွေကို ဘယ်အတိုင်းအတာအထိ သူတို့လုပ်နိုင်မလဲဆိုတဲ့ အပေါ်မူတည်တယ်။ တချို့နေရာမှာ အပစ်အခတ်ရပ်စဲလိုက်တယ်၊ ဆက်ပြီး တိုက်နေတာရှိတယ်။ လက်နက်ကိုင်လှုပ်ရှားမှုဖြစ်ပေါ်တယ်ဆိုတာ သူတို့ဒေသ သူတို့ပြည်နယ် သူတို့နိုင်ငံလေးကိုတည်ဆောက်ချင်တာပေါ့။ နိုင်ငံရဲ့ကနဦး ပြည်နယ်အဆင့်တွေ ပြည်နယ်လေးတွေ နိုင်ငံလေးတွေတည်ဆောက်ချင်လို့ လက်နက်ကိုင်လှုပ်ရှားမှုပေါ်လာတာ။ ဒီလက်နက် ကိုင်လှုပ်ရှားမှုက ဘယ်လောက် အထိအောင် သူတို့လိုချင်တဲ့ဒေသကာ ကွယ်နိုင်မလဲ၊ သူတို့ဒေသမှာ ဘယ်လောက်အထိသြဇာတက္ကိမရှိလဲ၊ အမိန့်အာဏာနဲ့သူတို့ဒေသမှာ သူတို့အုပ်ချုပ်နိုင်သလား စသဖြင့်ပေါ့။ မနှစ်ကကွယ်လွန်သွားတဲ့ သမိုင်းဆရာချားလ်ဒေလီ ကဘာပြောလဲဆိုတော့ နိုင်ငံတည်ဆောက်ရာမှာပဏာမအဆင့် ပြည်နယ်အဆင့်မှာ အချက် ၅ ချက် ရှိတယ်လို့ပြောတယ်။ **ပထမအချက်** ကိုယ့်နယ်နမိတ်ကိုကောင်းစွာအုပ်ချုပ်ပြီးတည်ထောင်နိုင်သလား။ **ဒုတိယအချက်** ကိုယ့်နယ်နမိတ်ထဲမှာ ကိုယ့်အမိန့်အာဏာထိရောက်ရဲ့လား။ အဲဒုတိယအချက်ထဲမှာအချက် ၄ ချက် ထပ်ခွဲတယ်။ (၁) အပြင်ရန်ကို ကာကွယ်နိုင်သလား။ ဥပမာ ဗမာစစ်တပ်လာဗိုလ်ကျတာကိုကာကွယ်နိုင်သလား။ (၂) အတွင်းရန်ကိုကာကွယ်နိုင်တလား။ ဥပမာ ကိုယ့်ထဲကခွဲထွက်ပြီးတော့ကိုယ့်ထဲကရန် ပြန်လုပ်တဲ့ဟာကို ကိုယ်ရှင်းနိုင်သလား။ (၃)အပြင်ရန် အတွင်းရန်ရှင်းဖို့ ပိုက်ဆံငွေကြေးရှိသလား။ (၄) ပြည်သူလူထုကို အကာအကွယ်ပေးနိုင်သလား။ **တတိယအချက်** ကိုယ့်ပြည်နယ်ထဲမှာရှိတဲ့ပြည်သူလူထုက ကိုယ့်ပြည်နယ်လို့သဘောထားရဲ့လား။ ကိုယ့်ပြည်နယ်ထူထောင်လိုတဲ့စိတ်ရှိသလား။ **စတုတ္ထအချက်** နိုင်ငံ့ခေါင်းဆောင်ပိုင်းမှာ နိုင်ငံရေးရည်ရွယ်ချက်ဘယ်လောက်ထိရှိလဲ။ အုပ်ချုပ်ရေးယန္တရားပိုင်းမှာကောပြည့်စုံလား။ ဒီဟာတွေမရှိသေးဘူးဆိုရင် ပြည်နယ်ဖြစ်ဖို့မလွယ်ဘူး။ ဒီ ၅ ချက် စလုံးပြည့်စုံတာက ဝ ဘဲဘဲရှိတယ်။

လွတ်လပ်ရေးစရတဲ့အချိန်မှာ လက်နက်ကိုင်အုပ်စုက သဘောတရားရေးအရ ကွန်မြူနစ်ရှိမယ်ကရင်ရှိမယ်၊ သျှမ်းဆိုရင်သျှမ်းတပ်ဆိုတာမရှိဘူး။ ဗမာစစ်တပ်ကသူကြီးစိုးတဲ့ဥစ္စာချဲ့ထွင်တဲ့အခါမှာ တိုင်းရင်းသားတွေကတုန့်ပြန်တာဘဲ။ ဗမာစစ်တပ်နောက်ပြန်ဆုတ်လိုက်မယ်ဆိုရင် ပုံစံတမျိုးပြောင်းသွားနိုင်တယ်။ အဓိကတော့တိုင်းပြည်ကိုကြီးစိုးနေတာ ဗမာစစ်တပ်ဘဲ။"

**ဦးအောင်ခင်**

"လွတ်လပ်ရေးရရှိဖို့ကြိုးစားတဲ့အချိန်မှာ ဗိုလ်ချုပ်အောင်ဆန်းက တနှစ်အတွင်း လွတ်လပ်ရေးအရယူမယ်။ တိုင်းရင်းသားတွေလဲ ရတော့ရမယ်၊ ကြိုးတော့ကြိုးစားမယ်၊ ဘယ်တော့ရမယ် မပြောတတ်ဘူး။ အတူပူးပေါင်းပြီး ရယူမယ်ဆိုရင် တပြိုင်တည်းရနိုင်တဲ့အပေါ်မှာ အမြင်တွေအမျိုးမျိုးရှိတယ်။ ဒီအနေအထားအရ ခွဲထွက်ပိုင်ခွင့်ကို ထည့်သွင်းထားရတယ်။ ဆိုတော့စစ်အစိုးရက ဒီခွဲထွက်ပိုင်ခွင့်လေးကိုအကြောင်းပြုပြီး အာဏာသိမ်း ထိန်းချုပ်လာတာဖြစ်တယ်။ လွတ်လပ်ရေးရပြီးခါစက ကွန်မြူနစ်၊ ကရင်၊ မွန် စသဖြင့် ၅ ဖွဲ့ရှိတယ်။ ပင်လုံမှာ လက်မှတ်ထိုး တဲ့ ချင်း၊ ကချင်၊ သျှမ်းတို့က လက်နက်ကိုင်တော်လှန်တာမရှိသေးဘူး။ မကျေနပ်မှုတွေကို ၁၉၄၇ ဖွဲ့စည်းပုံဘဲပြောပြော၊ ပင်လုံစာချုပ်ရဲ့အနှစ်သာရဘဲပြောပြော၊ ဖော်ထုတ်နိုင်ခြင်းမရှိတဲ့အတွက် လက်နက်စွဲကိုင်တဲ့အဆင့်ရောက်လာတယ်။ အကယ်၍အပေးအယူနဲ့ Dailouge ရှိမယ်ဆိုရင် ဒီအဆင့်အထိရောက်မှာမဟုတ်ဘူး လို့ကျနော်ထင်ပါတယ်"

**စောဒေးဗစ်ထော**

“၁၉၄၇ ဖေဖော်ဝါရီ ၁၂ ရက်နေ့ ပင်လုံစာချုပ်သဘောတူညီချက်အပေါ်မှာ ဖွဲ့စည်းလိုက်တဲ့ ပြည်ထောင်စုဟာ ယနေ့အထိလုံးဝ စစ်မှန်တဲ့ပြည်ထောင်စု မဟုတ်သေးဘူးလို့ ကျနော်ပြောချင်ပါတယ်။ ပြည်ထောင်စုစနစ် ဖက်ဒရယ်စနစ်မှာပြည်ထောင်စုအဖွဲ့ဝင်အမျိုးသား ပြည်နယ်တွေကိုယ်ပိုင်ပြဌာန်းခွင့်အပြည့်အဝ ရှိရမှာဖြစ်ပါတယ်။ ကိုယ်ပိုင်ပြဌာန်းခွင့်အပြည့်အဝရှိမယ်ဆိုရင် ပြည်နယ်တွေမှာ ဥပဒေပြုခွင့်အာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတွေအပြည့်အဝရှိရမှာဖြစ်ပါတယ်။ အဲဒီအာဏာတွေကိုပြည်နယ်တွေ လွတ်လပ်စွာကျင့်သုံးနိုင်ဖို့အတွက်၊ တနည်းအားဖြင့်ပြောရရင် ကိုယ်ပိုင်ပြဌာန်း ခွင့်ရှိနိုင်ဖို့အတွက်၊ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ တွေကို ပြည်နယ်သားတွေက ရေးဆွဲပြဌာန်းရမှာဖြစ်ပါတယ်။ ကိုယ်ပိုင်ပြဌာန်းခွင့်ရှိတဲ့ ပြည်နယ်တွေစုပေါင်းပြီး ဖွဲ့စည်းထားတဲ့ပြည်ထောင်စုကို မှ ပြည်ထောင်တွေစုထားတဲ့ ပြည်ထောင်စုစနစ်လို့ခေါ်တာဖြစ်ပါတယ်။ ၁၉၄၇ ပင်လုံညီလာခံလက်မှတ်ရေးထိုးပြီး လွတ်လပ်ရေးရချိန်မှ ယနေ့အထိ ကျနော်တိုင်းရင်းသားတွေလိုလားတဲ့ပြည်ထောင်စု၊ ပင်လုံမှာ လက်မှတ်ရေးထိုးတုန်းကမျှော်မှန်းတဲ့ပြည်ထောင်စုစနစ်ကို ကျနော်တို့ မထူထောင်နိုင်သေးဘူး။ အဲဒီပြဿနာထဲမှာ စစ်တပ်အခန်းကဏ္ဍနဲ့ ပြည်ထောင်စုစနစ် (တနည်းအားဖြင့်) တိုင်းရင်းသားလူမျိုးတွေရဲ့ကိစ္စကိုဆွေးနွေးစဉ်းစားတဲ့အခါ စစ်အာဏာရှင်စနစ်ကိုထည့်မစဉ်းစားခင်မှာ



Photo : SHAN

အရေးကြီးတဲ့ပြဿနာတခုပေါ်လာတယ်။ ဗိုလ်ချုပ်အောင်ဆန်း လုပ် ကြံခံရတဲ့နောက်ပိုင်း၊ လွတ်ရေးရပြီးနောက်ပိုင်း၊ တိုင်းပြည်ကို ဦးဆောင် တဲ့ခေါင်းဆောင်တွေက ပြည်ထောင်စု စနစ်နဲ့ဦးမဆောင်ဘဲ အမျိုးသား နိုင်ငံတော်တပြည်ထောင်စနစ်နဲ့ ဦးဆောင်နေတာကြောင့် တိုင်းရင်းသား တွေ ပြဿနာစဖြစ်ခဲ့ပါတယ်။ ၁၉၆၂ စစ်တပ်အာဏာမသိမ်းခင် တိုင်းရင်းသား လူမျိုးတော်တော်များများ လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲနေတာဖြစ်တယ်။ အဲဒီအပေါ်အခွင့်ကောင်းယူပြီးတော့စစ်တပ်က အာဏာသိမ်းတယ်။ တပြည်ထောင်စနစ်နဲ့အမျိုးသားနိုင်ငံတော်ထူထောင်လိုတာကြောင့် ဗမာစစ်တပ်ကြီးထွားလာတာဖြစ်တယ်”

**Dr. ဆလိုင်းလျံမုန်းဆခေါင်း**

“ကျနော်တို့ဗမာတွေအနေနဲ့ တိုင်းရင်းသားတွေတန်းတူအခွင့်အရေးမပေးခဲ့တာမှန်တယ်။ ဗမာတွေအနေနဲ့ ဖက်ဒရယ်လို့ပြောလိုက်တာနဲ့ စစ်အစိုးရစွပ်စွဲချက်ကြောင့် Federalism ကိုလက်မခံကြဘူး။ နားမလည်ကြဘူး။ မလေ့လာကြဘူး။ အထူးသဖြင့် ဗမာတွေပြောတာ။ ကျနော်ကတော့ Federalism ကိုလက်ခံတယ်။ ဘာလို့လဲဆိုတော့ တိုင်းရင်းသားပြဿနာက ဗမာနဲ့တိုင်းရင်းသား တွေ မျှတမှု မရှိရင် ကျနော်တို့အဖြေမရှိဘူး။ မျှတမှုရှိဖို့ အတွက် Federalism လိုတယ်။ ပြည်နယ်အခွင့်အရေးနဲ့ ဖက်ဒရယ်အစိုးရ အခွင့်အရေးဆိုတာရှိတယ်။ ဒါကိုထိန်းချုပ်ထားတဲ့အတွက် ကျနော်လက်ခံတယ်။ သို့သော်တိုင်းရင်းသားတွေတင်လာတဲ့ state based နဲ့ ခွဲထွက်ခွင့်နဲ့ ပြည်နယ်တိုင်းခွဲထွက်ခွင့်ကို ကျနော်တို့လက်မခံဘူး။ သို့သော်ကျနော်တို့ဗမာတွေကလဲ မျှတမှုရှိရမယ်။ တိုင်းရင်းသားတွေ မျှတစွာတောင်းဆိုနိုင်တဲ့စနစ်ကိုလဲ ကျနော်တို့ထူထောင်ဖို့လိုတယ်။ ဒီဟာကသိမ်မွေ့ပြီးနက်ရှိုင်းတဲ့ပြဿနာဖြစ်တဲ့အတွက် ဒီတပွဲနဲ့လဲရမှာမဟုတ်ဘူး။ ပြည်ထောင်စုအစစ် ဟုတ်မဟုတ် ဆန်းစစ်ဖို့လိုတယ်။ လက်ရှိအခြေအနေကတော့ အဓိကပြဿနာဟာ စစ်အစိုးရရဲ့မတရားမှုတွေကြောင့် တိုင်းရင်းသားတွေမခံချင်စိတ်ရှိနေတဲ့အတွက် ဒီဟာကိုဖြေရှင်းဖို့လိုတယ်လို့ကျနော်ယူဆတယ်။”

**ဘိုဘိုကျော်ငြိမ်း**

“ခွဲထွက်ခွင့်နဲ့ပတ်သက်ရင် ၁၉၄၇ အခြေခံဥပဒေက တခုဖြစ်ပါတယ်။ အခုလောလောဆယ် ဖက်ဒရယ်ပြည်ထောင်စုဆီချီတက်ဖို့အတွက်၊ ခွဲထွက်ဖို့ကိစ္စမပါဘူး။ နောက်တခုက ၈ ပြည် နယ် ၇ ပြည်နယ်ဆိုတဲ့ကိစ္စ။ အရင်ကတည်းက ရှိမြဲ ပြည်နယ်တွေဖြစ်တဲ့အတွက် ဒီပြည်နယ်တွေအပေါ်မှာအခြေခံတယ်။ ပြီးတော့ဘယ်ပြည်နယ် နဲ့ ထိုက်တန်တဲ့အဆင့် ထိုက်သင့်တဲ့ အနေအထားကို ရောက်လာတဲ့ ပြည်နယ်မျိုးမဆို ပြည်နယ်ဖြစ်လာဖို့၊ ကျနော်တို့ဖက်ဒရယ်အခြေခံဥပဒေမှာပိတ်ပင်ထားတာမရှိဘူး”

**စောဒေးဗစ်ထော**

“သမိုင်းကို ကြည့်မယ်ဆိုလို့ရှိရင် ပြည်ထောင်စုကို စက္ကူပေါ် ရေးပြီး ဥပဒေပြုပြီးတော့တည်ဆောက်လို့မရဘူး။ မြေကြီးပေါ်မှာဘဲ ပကတိလက်တွေ့အခြေအနေပေါ်မှာ ပိုင်ပိုင် နိုင်နိုင်ဆုပ်ကိုင်ထားရမယ်။ အဲဒါမျိုးမရှိဘဲနဲ့ဆွေးနွေးပွဲမှာသွား ဆွေးနွေးလို့ပြည်ထောင်စုပေးလိုက်လဲကိုယ့်အိမ်ပြန်ရောက်ရင် ကိုယ့်ကိုဓါးနဲ့လာထိုးသွားမှာဘဲ။ ပြည်နယ်တောင်းလို့ပြည်နယ်ပေးလိုက်ပါပြီ၊ ကိုယ့်မှာတရားဥပဒေစိုးမိုးရေးလုပ်ဖို့ပုလိပ်လဲမရှိဘူး၊ စစ်တပ်လဲမရှိဘူး၊ ဗျူရိုကရေစီယန္တ ရားလဲမရှိဘူးဆိုရင် ဘာမှလုပ်လို့ရမှာမဟုတ်ဘူး။ ကျနော်စောစောကပြောတဲ့ အချက် ၅ ချက် နဲ့ပြည့်စုံတဲ့ပြည်နယ်ဆို လို့ ဝ ဘဲရှိတယ်။ ဝ ကနိုင်ငံရေးစကားလဲသိပ်ပြောတာမဟုတ်ဘူး။ ဒါပေမဲ့ တကဲ့ပြည်နယ်အစစ်ကို သူ ရနေတယ်။ သူ့ကို ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသလို့ပေးထားတာဘဲ။ ဘာခေါ်ခေါ် ခေါ်ချင်တာခေါ်၊ သူကပြည်နယ်အစစ်ရနေတယ်။ တခြားလက်နက်ကိုင်တပ်ဖွဲ့တွေ အဲဒါမျိုးသူတို့နယ်မှာ သူတို့လုပ်နိုင်လား?။

လုပ်နိုင်မယ်ဆိုလို့ရှိရင်တဖြည်းဖြည်းသူတို့နဲ့ ပြည်နယ်တည်ထောင်နိုင်မယ်။ ပြည်နယ်တည်ထောင်နိုင်ရင် ပြည်ထောင်စုဖြစ်လာမှာဘဲ။ ကိုယ့်နယ်ကို မတည်ထောင်နိုင်၊ ဘာမှမလုပ်နိုင်ဘဲနဲ့ ဗမာစစ်တပ်ကို သွားသွားပြီးဆွေးနွေးနေလို့ စစ်တပ်ကအမျိုးမျိုးလည့်ပတ်ညာတုတ်ပြီးဗိုလ်ကျနေတာဘဲ။

**ဦးအောင်ခင်**

“ဆရာဦးအောင်ခင်ပြောတဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျနော်လဲ သမိုင်းပညာရှင်တယောက်အနေနဲ့လက်မခံနိုင်ဘူး။ ပြည်ထောင်စုစနစ်ထူထောင်ဖို့ အတွက် အကြံပြုတာမဟုတ်ဘဲနဲ့ အမျိုးသားနိုင်ငံတော်ထူထောင်ဖို့အကြံပြုတဲ့သီအိုရီဖြစ်တဲ့အတွက် ကျနော်တို့ပြည်ထောင်စုနဲ့မကိုက်ညီဘူး။ ဒုတိယအချက် ၀ ကိုအခြေခံပြီးပြောတဲ့ နေရာမှာ စစ်တပ်ရှိမယ် ကိုယ့်ကိုကိုယ်လဲကာကွယ်နိုင်ရမယ်။ အဲဒီအပေါ်မှာ ပြည်နယ်ထူထောင်မယ်ဆိုလို့ရှိရင် အဲဒီပြည်ထောင်စုမျိုးက စစ်ရေးအပေါ်မှာ အခြေခံထားတဲ့ပြည်နယ်မျိုးဖြစ်လို့ ပြည်ထောင်စုအတွက်ငြိမ်းချမ်းရေးဆိုတာမရှိနိုင်ဘူး။ ပြည်နယ်အသီးသီး လူမျိုးအသီးသီးကိုကြည့်မယ်ဆိုရင်ဗြိတိသျှတွေမလာခင်ကျနော်တို့ချင်းတွေ ကချင်တွေ သျှမ်းတွေဟာလွတ်လပ်တဲ့လူမျိုးတွေဘဲ။ ကိုယ့်ကိုကိုယ် ကာကွယ်နိုင်တယ်။ စီမံနိုင်တယ်။ ကိုယ့်ဟာကိုယ် ယဉ်ကျေးမှုအုပ်ချုပ်ရေးစနစ်နဲ့နေနိုင်တယ်။ စစ်ရေးကိုအားပေးတာထက် ငြိမ်းချမ်းတဲ့နည်းနဲ့ ပြည်ထောင်တွင်းမှာ တိုင်းရင်းသားအားလုံးလက်တွဲ နိုင်တဲ့နည်းကို ရှာဖွေတာပိုကောင်းပါတယ်”

**Dr. ဆလိုင်းလျှံမှုန်း**

၈ ပြည်ထောင်ဆိုတာက ဒီမိုကရေစီနည်းအရ ဗမာတပြည်နယ်၊ တိုင်းရင်းသားတွေအားလုံးနဲ့ ၇ မဲ ၁ မဲ လုပ်တဲ့ဟာကိုပြောတာပါ။ ဥပမာ အမေရိကန်မှာ ပြည်နယ်ကြီးနဲ့ ပြည်နယ်ငယ်ကို Balance လုပ်ဖို့ ပြည်နယ်တခုကို Senator ၂ ဦး နဲ့မဲခွဲသလို ဗမာတခုလုံးကို ပြည်နယ်တခုပေးပြီး ၇ မဲ ၁ မဲ ဆိုတဲ့ ၈ ပြည်နယ်ကို ကျနော်ကလက်မခံတာ”

**ဘိုဘိုကျော်ငြိမ်း**

“၈ ပြည်နယ်နဲ့ပတ်သက်တဲ့အပိုင်းမှာတော့ အကယ်၍ ဒေသန္တရ အရ ဖြစ်ပေါ်လာတဲ့ပြည်နယ်တွေရှိမယ်ဆိုရင် လူမျိုးတွေအခြေခံပြီးဖြစ်ပေါ်လာတဲ့ပြည်နယ်တွေရှိမယ်။ အခုပြောတဲ့ ၈ ပြည်နယ်တင်မကပါဘူး၊ ၁၀ လဲကျော်သွားနိုင်တယ်။ ဒါမှသာလျှင်တန်းတူရေးဆိုတဲ့အပိုင်းကို ပြောလို့ရပါမယ်။ ၇ မဲ ၁ မဲ တိုင်း ရင်းသား ၇ ပြည်နယ် ဗမာ ၁ ပြည်နယ်ဆိုတဲ့ စိုးရိမ်တဲ့စိတ်ထားမျိုးမထားသင့်တော့ဘူးလို့ ကျနော်ထင်တယ်”

**စောဒေးဗစ်ထော**

“လက်တွေ့အားဖြင့်ကိုယ့်ဒေသကိုမချုပ်ကိုင်နိုင်ဘဲနဲ့ အစည်းအဝေးမှာသွားပြီးပြည်နယ်တောင်းလို့ကတော့အလကားဘဲ။ နောက်တခုအားလုံးပြောပြောနေတဲ့ ပင်လုံစာချုပ်ဆိုတာဘာမှမဟုတ်ဘူးဗျ။ အချက် ၉ ချက်ဘဲပါတယ်။ အင်္ဂလိပ်ဘုရင်ခံကောင်စီထဲမှာ တိုင်းရင်းသားကိုယ်စားလှယ်တွေထည့်ဖို့ဘဲ၊ ဒါဘဲ”

**ဦးအောင်ခင်** *VOA (12/02/2009)*

စာမျက်နှာ 31 မှ

ပြီးကျနော်တို့ဆီအထောက်အထားနဲ့တကွ တရားဝင်လာရောက်တင်ပြသူတယောက်တလေမှမရှိသေးဘူး။ သူတို့မကောင်းကြောင်း သတင်းဘဲမကြာခဏကြားနေရတယ်။ ဒါတွေနဲ့စပ်လျဉ်းပြီး အထောက်အထားအချက်အလက်တွေအပေါ် အခြေခံတဲ့ရှင်းလင်းချက်တွေနဲ့ သတင်းတွေထုတ်ဘို့ပန်ကြားချင်တယ်။

**မေး** **၂၀၁၀ ရွေးကောက်ပွဲနဲ့အပစ်ရပ်အဖွဲ့တွေရဲ့ အလားအလာ။**

**ဖြေ** လက်ရှိအနေအထားအပေါ်တွက်ဆ ဆန်းစစ်ကြည့်ရင် ရွေးကောက်ပွဲ ဖြစ်နိုင်ဘို့အလားအလာက ၅၀ ရာခိုင်နှုန်းဘဲရှိတယ်။ ဘာလို့ လဲဆိုတော့ လက်ခံသဘောတူမှု အကောင်းမြင်ထောက်ခံမှုတွေ သိပ်မရှိလို့ဘဲ။ ပြည်သူလူအထုအများစုထောက်ခံတဲ့ NLD တောင်မှ ပါဝင်ခွင့်မရှိဘူး။ ဘာဘဲဖြစ်ဖြစ် အဏာရှင်စစ်အုပ်စု ထုတ်ပြန်ကြေငြာ တဲ့အတိုင်းရွေးကောက်ပွဲဖြစ်လာမယ်ဆိုရင်တော့ ရှန်းရင်းဆန်ခတ်ရှုပ် ထွေးတင်းမာပူလောင်မှုအနေအထားတွေပိုမိုပြင်းထန်လာမှာအသေအချာပါ။ တချို့အပစ်ရပ်အဖွဲ့တွေ စစ်အုပ်စုရဲ့ဆန္ဒတိုင်း (အားမတန် မာန်လျှော့။ မချစ်သော်လည်းအောင့်ကာနမ်း) လိုက်လျောပူးပေါင်းသွားဖွယ်ရာအလားအလာတွေရှိကောင်းရှိနိုင်တယ်။ ဒါပေမဲ့ အများစုတော့မဟုတ်ဘူး။ အလွန်ဆုံးရှိရင်တဝက်ထက်မကျော်ပါဘူး။ အပစ်ရပ်စစ်သည်တော်များနဲ့အလယ်အလတ်/အောက်ခြေအရာရှိတွေအနေနဲ့ အတွေးချော်ပြီး အမှားလမ်းလိုက်ကြမှာမဟုတ်ပါဘူး။ အမျိုးသားရေးအတွက် ရည်မှန်းချက် ခံယူချက်ခိုင်မြဲနေကြပါတယ်။ အမျိုးသားတန်းတူရေး၊ အမျိုးသားလွတ်မြောက်ရေးအတွက် သူတို့တတွေ လက်နက်စွဲကိုင်တော်လှန်ရေးလုပ်လာကြတာမဟုတ်လား။

❑ ❑ ❑

# အရေးကြီးလည်း၊ သွေးမနီးက၊ ပျက်သုဉ်းရလိမ့်

ဆလိုင်းလွန်းငွေ (မြောက်ပိုင်းသျှမ်းပြည်)

၂၀၀၉ မှာ ပိုလ်သန်းရွှေစစ်အုပ်စုကပါတီတွေထောင်ဖို့၊ စည်းရုံးရေးကာလသတ်မှတ်ဖို့မီးစိမ်းပြလာရင် – အပစ်ရပ်အဖွဲ့တွေ ဘယ်လိုဖြစ်လာမလဲ။ ခေါင်းကျက်ခေါင်းစား၊ အမြီးကျက်အမြီးစားလုပ်နည်းလုပ်ဟန်ကတော့ နအဖအသုံးမြဲသုံးနေတဲ့လက်စွဲဖြစ်ပါတယ်။

၂၀၀၅ နှစ်ဦးပိုင်းမှာ သိန္နီမြို့နယ် စေ့အူအုပ်စု အခြေစိုက် SSNA တပ်မဟာ ၁၁ နဲ့လားရှိုးမြို့နယ် နမ့်ပေါင့်အုပ်စု အခြေစိုက် SSNA တပ်မဟာ ၁၉၊ မန့်တုန့်မြို့နယ် အခြေစိုက် PSLO/PSLA ပလောင်ဦးအိုက်မုန့်အဖွဲ့တို့ကိုစစ်အာဏာပိုင်တွေအကြွင်းမဲ့ အပြီးတိုင် လက်နက်ချစေနိုင်ခဲ့တယ်။ နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ လားရှိုးကားလမ်းအထက်ပိုင်း ၄–၅ မြို့နယ်အချို့ဒေသကို ထိန်းချုပ်ဖူးတဲ့ SSA-N တပ်မဟာ ၃ လဲရမခတိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်ရဲ့ တချက်လွှတ်အမိန့်နဲ့ ကားလမ်းအောက်ဖက်ဆီအပြီးတိုင်ရွှေ့ပြောင်းပေးရတယ်။ ခိုင်မာတဲ့တပ်ပေါင်းစုအဖြစ် စုစည်းခွင့်မရခဲ့ကြတဲ့ အပစ်ရပ်အဖွဲ့များအပေါ် စစ်အုပ်စုရဲ့တဖွဲ့စီဖဲ့ထုတ်အနိုင်ပိုင်းလိုက်တဲ့နောက်ဆုံး ညစ်ပတ်ယုတ်မာမှုအောင်ပွဲကတော့ ၂၀၀၈ ဩဂုတ်စ်လထဲ ရလလဖ SNPLO တာကလယ်အဖွဲ့ရဲ့ ဆီဆိုင်မြို့နယ်နောင်ထော်(ဝ်)ဌာနချုပ်ကို ဝိုင်းရံပိတ်ဆို့လက်နက်ချခိုင်းလိုက်တဲ့ဖြစ်ရပ်ပါဘဲ။

သမိုင်းအမှိုက်ပုံထဲရောက်သွားကြပြီဖြစ်တဲ့ အဲဒီလက်နက်မဲ့ အဆိပ်အတောက်မဲ့ အပစ်ရပ်အဖွဲ့တွေအဖို့ ရွေးခြယ်စရာလမ်းဘာမှမရှိတော့ဘူး။ တချို့အဖွဲ့ကတော့ပါတီတွေ ဖွဲ့ပြီးရွေးကောက်ပွဲဝင်ကြမယ်လို့ကြားရတယ်။ သူတို့ရဲ့နောက်ဆုံး ထွက်သက်ဝင်သက် ဖြစ်နိုင်ပါတယ်။ အခုလက်ရှိကျန်နေသေးတဲ့အပစ်ရပ် UWSA ဝတပ်ဖွဲ့၊ NDAA - ESS မိုင်းလားစိုင်းလင်းအဖွဲ့၊ MNDAA ကိုးကန့်အဖွဲ့၊ KDA မထူးနော်အဖွဲ့၊ SSA-N သျှမ်းအဖွဲ့တွေကိုလဲမီးစတဖက် ရေမှုတ်တဖက်နည်းနဲ့သွေးခွဲဖဲ့ထုတ်ဦးမယ်၊ သပ်လျှိုဦးမယ်၊ စီးပွားရေးအခွင့်အလမ်းမက်လုံးတွေနဲ့စည်းဖြားယောင်းဦးမယ်။ စစ်အုပ်စုအဖို့ အရင်ကလုပ်ခဲ့တဲ့နည်းဗျူဟာတွေအောင်မြင်ဆဲ မို့လို့ဆက်လက် ကျင့်သုံးနေဦးမယ်။ အချိန်ယူပြီး လုပ်လို့မရရင်တုတ်ပြမုန့်ပြနည်း ကိုပိုပြီးပီပြင်ပြတ်သားစွာ ကိုင်စွဲဖို့ပြင်ဆင်ထားတယ်။

ပိုလ်သန်းရွှေတို့မှာ ရန်သူကိုအရင်းအနှီး နည်းနည်းနဲ့အမြစ်ပြတ်ဖြိုခွင်းပစ် – ဆိုတဲ့ ပေါ်လစီရှိတယ်။ အင်အားတောင့်တင်းတဲ့၊ ပြင်ဆင်မှုရှိတဲ့၊ နည်းပရိယာယ်ကြွယ်ဝတဲ့၊ နအဖ ဖိအားအမျိုးမျိုး ကိုကြံ့ကြံ့ခိုင်နိုင်တဲ့အဖွဲ့တွေဆိုရင်တော့ ရင်ကော့ခေါင်းမော့ကျန်ရစ်မယ်။ အဲဒါနဲ့ပြောင်းပြန်ဆိုရင် (ချက်ချင်းလက်နက်မချရသေးဘဲ ဆက်လက်ကိုင် ဆောင်ခွင့်ရတယ်ဘဲထား) မူလအမည်နာမတွေ စွန့်လွှတ်ရပြီး နအဖရဲ့ကာကွယ်ရေး ဦးစီးချုပ်လက်အောက်မှာပြားကြားမှောက်ရမဲ့ ဒေသ။ နယ်ခြားဖွံ့ဖြိုးရေး၊ လုံခြုံရေး၊ ကာကွယ်ရေးတပ် ဖြစ်စေ၊ အသွင်ပြောင်းရဲ၊ အထူးတိုက်ခိုက်ရဲဖြစ်စေ၊ ဌာနေပြည်သူ့ စစ်ဖြစ်စေ၊ အမည်အမျိုးမျိုးပြောင်းလဲသွားမယ်။

အပစ်ရပ်တွေအတွက် အကောင်းအဆိုးအလားအလာက ၅၀–၅၀ ဘဲရှိပါတယ်။ အမျိုးသားရေးအတွက် တကယ့်ကိုယ်ကျိုးစွန့် ခေါင်းဆောင်တွေမရှိရင်၊ နိုင်ငံရေးယုံကြည်ချက်ခံယူချက်ရည်မှန်းချက်တွေ မမှန်ကန်မခိုင်မာရင်၊ အတွေးအခေါ် ရော့ရဲအားနည်းနေရင်၊ ပြင်ဆင် မှုမရှိရင်၊ အပြန်အလှန်ထောက်ကူ ပံ့ပိုး မှုပူးပေါင်းဆောင်ရွက်မှု စည်းလုံးညီညွတ်မှုမရှိရင်အားလုံးပြိုကွဲပျက်သုဉ်းလုံးပါးပါးမှာဖြစ် တယ်။

**တကယ့်ကိုယ်ကျိုးစွန့် ခေါင်းဆောင်တွေမရှိရင်၊ နိုင်ငံရေးယုံကြည်ချက်ခံယူချက်ရည်မှန်းချက်တွေ မမှန်ကန်မခိုင်မာရင်၊ အတွေးအခေါ်ရော့ရဲအားနည်းနေရင်၊ ပြင်ဆင်မှုမရှိရင်၊ အပြန်အလှန်ထောက်ကူပံ့ပိုးမှု ပူးပေါင်းဆောင်ရွက်မှု စည်းလုံးညီညွတ်မှုမရှိရင်အားလုံးပြိုကွဲပျက်သုဉ်းလုံးပါးပါးမှာဖြစ်တယ်**

၂၀၀၉ နှစ်အတွင်းဒီနိုင်ငံမှာ တိုင်းရင်းသားအင်အားစုနဲ့ ဒီမိုကရေစီအင်အားစုတွေအတွက်အလွန်သိမ်မွေ့နက်နဲတဲ့ အခါသမယအချိန်ကာလဖြစ်ပါတယ်။ ပထဝီအနေအထားနဲ့ ခိုင်းနှိုင်းရရင် တဖက်ကတောင်ကမ်းပါးရံ၊ တဖက်ကလျှိုအနက်ကြီး။ ဗမာပြည်ရဲ့အနေ အထားဟာအစားကြီးတဲ့ ဘီလူးနှစ်ကောင်ကြားမှာ ညှပ်ပိတ်မိနေတယ်။ တရုပ်နဲ့ကုလားတို့ပါဘဲ။

ဒါပေမဲ့တဖက်ကပြန်ကြည့်လိုက်ရင် – သူတို့လဲကမ္ဘာ့စီးပွားရေးကျဆင်းပျက်ယွင်းမှုမုန်တိုင်းဒဏ်ကိုခံနေရတယ်။ အာဇီယံလဲ သူတို့ရဲ့အနာဂတ်စီးပွားရေးရပ်တည်မှု ကြံ့ကြံ့ခံနိုင်ဖို့ လုံးပမ်းနေရတယ်။ ဝယ်လိုအားထက်ရောင်းလိုအား ထုတ်လုပ်အား ပိုလျှံတဲ့စီးပွားကုန်သွယ်မှုအကြပ်အတည်းကြားမှာ အားလုံးကကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ဘို့ ပထမဦးစားပေးအဆင့်ဖြစ်လာတယ်။ ဒုတိယအဆင့် ကပေါ်လစီနဲ့ပစ်မှတ်။ တတိယအချက်ကတော့မဟာမိတ်ရေးရာ ဆို တဲ့ မိတ်ဆွေရောင်းရင်း အင်အားစုစည်းမှု၊ ပူးပေါင်းဆောင်ရွက်မှုပါဘဲ။

အဲဒါကြောင့်အပစ်ရပ်အဖွဲ့များရပ်တည်ရှင်သန်ရေး၊ စစ်အုပ် စု သွန်လိုသွန်မှောက်လိုမှောက် လက်ခုပ်ထဲကရေအဖြစ်မခံရေး၊ မူလတော်လှန်ရေးလမ်းကြောင်း မျက်ခြေမပြတ်ရေးဆိုတာတွေအတွက် ဒေသတွင်းအခြေအနေ၊ ကမ္ဘာ့ရေစီးကြောင်းနဲ့အညီ၊ သူများဆီက (လိုက်လျောညီထွေ) သင်္ခန်းစာယူပြုပြင်ရပါမယ်။

အရေးကြီးပြီသွေးနီးကြစို့ ဆိုတဲ့ဆောင်ပုဒ် အတိုင်း လိုက်နာကျင့်သုံးပြီးလက်တွေ့အကောင်အထည်ဖေါ်ရုံကလွဲလို့ တခြားရွေးစရာလမ်းမရှိပါ။

ပိုလ်သန်းရွှေစစ်အုပ်စုစီမံဖန်တီးတဲ့ ညှို့ကွင်းထောင်ခြောက်ကိုသိထားကြတယ်ဆိုပေမဲ့ သတိမမူဂူမမြင်ဘဲသာမာန် ကာလျှံကာအဆင့်လောက်နဲ့ဆက်စခန်းသွားနေရင် သွားလေသူအပစ်ရပ် SSNA/PSLO/SNPLO အဖွဲ့တွေစုန်းစုန်းမြုပ် နိဂုံးချုပ်ခဲ့ကြတဲ့နည်းလမ်း အတိုင်းမဆိုင်းမတွ ကြွမြန်းရမှာကို အထူးစိုးရိမ်ပူပန်မိကြောင်းရေးသားတိုက်တွန်းလိုက်ပါတယ်။ ❑

# ၂၀၀၉ အတွင်းဖြစ်နိုင်ခြေရှိသောအနေအထားများ

ဗမာပြည်ပြည်သူလူထုသည် ဒီမိုကရေစီနိုင်ငံ တည်ထောင်လိုသဖြင့် ၁၉၉၀ ရွေးကောက်ပွဲ၌ NLD ကိုတခဲနက်ရွေးခြယ်ခဲ့ကြ၏။ သို့သော် ဗမာစစ်တပ်က အာဏာလွှဲပြောင်းပေးရေးကိစ္စအပေါ် ယနေ့တိုင်နည်းလမ်းပေါင်းစုံဘူးခံငြင်းဆန်ပစ်ပယ်ကျောခိုင်းလျက်ရှိသည်။

၁၉၈၈–၁၉၉၂ ဗိုလ်စောမောင်စစ်အစိုးရလက်ထက်ကား– သမိုင်းလိုအပ်ချက်မဟုတ်။ ဦးနေဝင်းနောက်ကွယ်မှ အုပ်ချုပ်ကြိုးကိုင်သောရုပ်သေးအစိုးရဖြစ်ခဲ့၏။ ၁၉၉၀ ရွေးကောက်ပွဲတွင် မဆလ တဖြစ်လဲ တစည ပါတီ ရှုံးနိမ့်သွားသောအခါဦးနေဝင်းအဖို့ ၎င်း၏အနာဂတ်အတွက်စိုးရိမ်လာ၏။ ထို့ကြောင့်ရွေးကောက်ပွဲမလုပ်မီက အနိုင်ရပါတီများအားအာဏာလွှဲပေးမည်၊ စစ်တပ်ကစစ်တန်းလျားပြန်မည်ဟု –စကားကျွံထားသော ဗိုလ်စောမောင်အားရာထူးမှဖယ်ရှား လိုက်ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် စစ်ခေါင်းဆောင်များအကြား အာဏာလုပွဲများ၊ နန်းတွင်းအရှုပ်တော်ပုံ များဆက်တိုက်ပေါ် ပေါက် ခဲ့သည်။ ဗိုလ်ခင်ညွန့်နှင့်အဖွဲ့ပြုတ်သွားသောအခါ အပစ်ရပ်တော်လှန်ရေးတပ်ဖွဲ့များ မျောက်သစ်ကိုင်းလွတ်ဖြစ်ကုန်ကြတော့သည်။

ဤဖြစ်ရပ်များကား ဗိုလ်သန်းရွှေစစ်အုပ်စုအဖို့တန်ဖိုးမဖြတ်နိုင်သော ကြေးမုံပြင် သခ်ၤာ်းစာကြီးများဖြစ်၏။ တခါသေဘူး ပျဉ်ဘိုးနားလည်ရတော့မည်ဟုရင်းတို့ဆုံးဖြတ်ထားပုံရသည်။ လက်ရှိကာလအဖို့ ဗိုလ်သန်းရွှေစစ်အုပ်စုသည်မိမိအာဏာတည်မြဲရေးအတွက် မိမိတို့၏လမ်းပြမြေပုံ ၇ ချက်အတိုင်းငါ့မြင်းငါစိုင်း မဖြစ်မနေ အကောင်အထည်ဖေါ်လျက်ရှိ၏။ နအဖ ဖွဲ့စည်းပုံအတည်ပြုရေး ၂၀၀၈ မေလဆန္ဒခံ ယူပွဲရလာဒ်မှာ စစ်အုပ်စုအဖို့ကနဦးအခြေခံထွက်ပေါက်ဖြစ်၏။ ထို့ကြောင့်ပင်မိမိမဟာမိတ်ဘက်တော်သားအဖွဲ့အစည်းများ၊ မိမိအလိုတော်ရိပါတီဖွဲ့စည်းရေးကိစ္စများအတွက် ၂၀၀၉ အတွင်းစည်းရုံးရေး၊ ကြိုတင်ပြင်ဆင်ရေး၊ လက်ဦးမှုရယူရေးတို့အတွက်စိုင်းပြင်းနေခြင်းဖြစ်သည်။ ကြံ့/ ကြက်/ မီးအဖွဲ့ဝင်အမာခံ များဖြင့်ဖွဲ့စည်းထားသည့်စွမ်းအားရှင်တို့အား ခေါင်းစဉ်အမျိုးမျိုးတပ်၍ သင်တန်းများပေးလျက်ရှိသည်။ တဖက်ကလည်း စစ်တပ်အရာရှိများအား အရပ်ဘက်ဌာနဆိုင်ရာများသို့ ပြောင်းလဲပို့လွှတ်တာဝန်ယူစေသည်။ အပစ်ရပ်များအား လက်နက်စွန့်ကာ နိုင်ငံရေးပါတီထောင်ပြီးရွေးကောက်ပွဲဝင်ရန်ချော့မော့ ကျောသပ်မက်လုံးပေး၍တဖုံ၊ ခြိမ်းခြောက်ဖိအားပေး၍တမျိုး၊ ချဉ်းကပ်တိုက်တွန်းအကြပ်ကိုင်လျက်ရှိသည်။

အခြားတဖက်တွင်လည်း အတိုက်အခံ ဒီမိုကရေစီ အင်အားစုများအား ကျူပင်ခုတ်ကျူငုတ်မကျန်ရှင်းလင်းပစ်ရန်စီမံချက်များ ချမှတ်လုပ်ဆောင်လာ၏။ ၂၀၀၈ ဖွဲ့စည်းပုံသစ်အရ စစ်ဗိုလ်တမတ် သားအစိုးရကို ၂၀၁၀ ရွေးကောက်ပွဲနောက်ပိုင်း မဖြစ်မနေဖေါ်ဆောင် ရန် စိတ်ဒုံးဒုံးချထားကြပြီဖြစ်၏။ **ကုန်စျေးနှုန်းကြီးမြင့်မှု၊ ငွေကြေးဖေါင်း ပွမှု၊ အခွန်အတုတ်တိုးပွားမှု၊ လာဘ်စားမှုစသည့် စီးပွားရေး လူမှုရေး ဒဏ်ကိုမှုမလုခံနေရသောပြည်သူလူထုအများစုအဖို့၊ စုဝေး စည်းရုံး လှုပ်ရှားခွင့်၊ အဖွဲ့အစည်းအသင်းအပင်းထူထောင်ခွင့်နှင့် ဆန္ဒပြ တောင်းဆိုခွင့်အနေအထားများ ပေါ်ပေါက်လာရန်အထူးခက်ခဲစေသည်။ ဤနေအထားကားဗိုလ်သန်းရွှေစစ်အုပ်စုအဖို့ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ ဖြစ်စေတော့သည်။** ကမ္ဘာ့စီးပွားရေးကျဆင်းပျက်ယွင်းမှု ကယက်ရိုက်ချက်ကြောင့်ဗမာပြည်သူများအဖို့ လူမှုရေးမငြိမ်မသက်မှုများ ပိုမိုကြီးထွားလာမည်ဖြစ်၏။ နေ့တဓူဝဖြစ်ပေါ်နေသော ငွေကြေးလိမ်လည်မှု၊ ခိုးဝှက်လုယက်မှု၊ ဓါးပြတိုက်သတ်ဖြတ်မှု၊ ခြစားမှုများသည် ထင်ရှားသောသာဓကများဖြစ်သည်။

လူထု၏စားဝတ်နေရေးပြဿနာ၊ ကျန်းမာရေး ပညာရေး ပြဿနာမှာ နှစ်ဟောင်းကာလများထက် လျော့ပါးပြေလည်လာမည့်အစား (၂၀၀၉–၂၀၁၀ နှစ်များ၌) ပို၍ ကြီးထွားတိုးပွားကြပ်တည်းဒုက္ခရောက်ဘို့သာရှိသည်။

၂၀၀၉ အတွင်းဖြစ်ပေါ်နိုင်ခြေရှိသည့် အနေအထား အလားအလာများကား

(၁) သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်ပေါ် လာနိုင်စရာအကြောင်းမရှိ။ အနှစ်သာရမရှိ၊ မပြည့်စုံသော၊ အခြားပုံစံဟန်ဆောင်ဆွေးနွေးပွဲ သဘော ဖြစ်ချင်ဖြစ်မည်။

(၂) လက်ရှိကာလကမ္ဘာ့စီးပွားရေးပျက်ကပ်ကြောင့် ကမ္ဘာ့နိုင်ငံကြီးများ၌၊ ဘဏ်အတိုးနှုန်းများလျော့ချခြင်း၊ အစိုးရမှဘဏ္ဍာရေး အထောက်အကူများပံ့ပိုးခြင်း၊ အခွန်နှုန်းထားများလျှော့ချခြင်းဆောင်ရွက်နေကြသော်လည်း၊ ဗမာပြည်တွင်အခွန်တိုးမြှင့်ကောက်ခံသွားရန် ရှိနေသည်။

(၃) ပါတီဖွဲ့စည်းရေး၊ ပါတီစည်းရုံးရေးလုပ်ငန်းများနှင့် ရွေးကောက် ပွဲဆိုင်ရာစည်းမျဉ်းဥပဒေများ (နှစ်နှောင်းပိုင်း၌) ထွက်ပေါ် လာမည်။

(၄) လူလုကစစ်မှန်သောဒီမိုကရေစီစနစ်လိုလား သော်လည်း၊ အများစုမှာ စားဝတ်နေရေးအတွက်နိုးကန်နေရသဖြင့် (လွတ်လပ်စွာစုဝေးခွင့်၊ စည်းရုံးခွင့်၊ ပြောဆိုရေးသာခွင့်များ ကင်းမဲ့သည့်အတွက်) တစ်စည်းတစ်လုံးတည်းဆန္ဒပြလှုပ်ရှားမှုကြီးများဖြစ်ပေါ် လာနိုင်စရာမရှိပါ။

(၅) အပစ်ရပ်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့အတွင်းချင်းချင်း စည်းလုံးညီညွတ်ရေးပျက်ပြားမှုများပေါ် ပေါက်နိုင်ပါသည်။ အချို့အဖွဲ့များဖျက်သိမ်းခံရနိုင်ပါသည်။

(၆) ဒေါ် အောင်ဆန်းစုကြည်အပါအဝင်၊ နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးလျှင်၊ အတိုက်အခံလှုပ်ရှားမှု့အရှိန်အဟုန်မြှင့်တက်လာနိုင်ပြီး ၂၀၁၀ ရွေးကောက်ပွဲမှာပုံသဏ္ဍာန်တမျိုးဖြင့်စခန်းသွားမည်။ သို့သော်ထိုသို့ဖြစ်လာစရာအကြောင်းမမြင်ပါ။

(၇) အထွေထွေစီးပွားရေး၊လူမှုရေးမငြိမ်သက်မှုများပိုမိုကြီး ထွားလာနိုင်ပါသည်။

**လုန်းဆန်ဝ** (နမ့်ခမ်းမြို့)

# ရမ်ဘို ၄ ဆမတ် ၁ နဲ့ သန်းရွှေ Infinity

မက်ဖစ်ချ် နေရှင်း ဝီကလီး January 2008




ထိုင်းတရားရုံးရဲ့စီရင်ချက်နဲ့ ရာထူးကနေဖယ်ရှားခံခဲ့ရတဲ့ ထက်ဆင်ရုပ်သေးဝန်ကြီးချုပ်ဆမတ်ဆွန်ထောရဝေ့တ်ဟာ နအဖ ထိပ်သီးခေါင်းဆောင်တွေနဲ့ နေပြည်တော်မှာနှစ်ဦးပိုင်း ၁၆/၁/၂၀၀၈ က သွားရောက်ဂါရဝတွေ့ဆုံခဲ့ပါတယ်။ ဗမာပြည်အကြောင်းအနှစ် ၆၀ နီးပါး လေ့လာခဲ့တယ်ဆိုတဲ့ဆမတ်ဟာ *"အများထင်သလို ဗမာစစ်ဗိုလ်ချုပ်တွေမဆိုးဝါးကြောင်း"* အာမခံခဲ့ပါသေးတယ်။

ဗမာစစ်ခေါင်းဆောင် နံပါတ် ၁၊ ၂၊ ၃ တို့နဲ့ ၂ နာရီကြာ ဆွေးနွေးရတဲ့အထဲမှာ ဗိုလ်သန်းရွှေနဲ့တရားဓမ္မအကြောင်း နာရီဝက်လောက်ပြောဆိုခဲ့ကြတယ်လို့ဆိုပါတယ်။ *"မနက်တိုင်း ဘုရားရှိခိုးဆုတောင်းတယ်။ တရားထိုင်တယ်၊ ပရိတ်တရား ၄ ပုဒ်စလုံးရွတ်တယ်။ ညနေတိုင်းလည်း ကမ္မဋ္ဌာန်းတရားထိုင်တယ်"* လို့ ဗိုလ်သန်းရွှေက ပြောပြတယ်တဲ့။

*"ဗုဒ္ဓဘာသာတိုင်းပြည် မြန်မာနိုင်ငံဟာ အေးချမ်းတယ်။ ဘာပြဿနာမှမရှိဘူး။ ခေါင်းဆောင်တွေလည်း ဓမ္မတရားကို လက်ကိုင်ထားကြတာဖြစ်လို့ ကမ္ဘာကဝိုင်းပြီး လက်ညှိုးထိုးကြသလို သူတို့မဆိုးဝါးဘူးဆိုတာ ကျုပ်တို့ယုံကြည်တယ်"* လို့လဲ ဆမတ်က ချီးကျူးခဲ့ပါသေးတယ်။

*"အနောက်တိုင်း မျက်နှာဖြူတွေက ဒင်္ဂါးတစ်ချပ်ရဲ့ နှစ်ဘက်စလုံးကိုကြည့်စေချင်တယ်လို့ ပြောတတ်ကြပေမဲ့ သူတို့က တစ်ဘက်ဘဲမြင်တယ်။ အခုကျုပ်သွားခဲ့တာကလည်း ဒင်္ဂါးရဲ့ တခြားတစ်ဘက်ကို သွားကြည့်တာလို့ ပြောခွင့်ရှိတယ်။ ဘာလို့လဲဆိုတော့ တခါတလေ တောင်ကြီးကို ဆံတပင်က ကွယ်နေတတ်လို့ဘဲ။ အခုတော့အဲဒီ ဆံတပင်ကို ဖယ်ရှားလိုက်နိုင်ပြီ။ ဘယ်မျက်နှာဖြူဖြစ်ဖြစ် ဘယ်သူမဆို ဘာအချက်အလက်တွေသိချင်လဲ။ ကျုပ်ပြောပြမယ်"* လို့လဲနအဖဘက်ရှေ့နေလိုက်ခဲ့ပြန်တယ်။

ဆမတ်ရဲ့ပြောဆိုချက်တွေကို နားထောင်လိုက်ရတော့ ဗမာပြည်မှာဖြစ်ပျက်နေတဲ့အချင်းအရာတွေအပေါ် ပိုပြီးစိတ်ဝင်စားလာစေပါတယ်။ ဗမာအပေါ်သမိုင်းကြောင်း အမျိုးသားရန်သူအဖြစ်လုံးဝ မကြည့်မမြင်ဘဲဗမာစစ်ခေါင်းဆောင်တွေအပေါ် နားလည်စာနာဖို့ကိုသာ ဆမတ်တစ်ယောက်တိုက်တွန်းနေတာဟာ **ဗမာစစ်ခေါင်းဆောင်တွေလည်းထိုင်းလိုဘဲဗုဒ္ဓဘာသာဝင်ဘုရားရှိခိုးဆုတောင်း တရားထိုင်သူတွေပါလို့ထောက်ပြလိုတာဖြစ်တယ်။ ဒါပေမဲ့ဆမတ်မရှင်းလင်းတဲ့၊ရှင်းလင်းဖို့မလိုအပ်ဘူးလို့ယူဆထားပုံရတဲ့အချက်က ကုသိုလ်အလှူ ဒါနပွဲး များ ဘုရားရှိခိုးရင်းနဲ့ ဗမာစစ်အစိုးရဘာ့ကြောင့်လူတွေကို နှိပ်ကွပ်ဖမ်းဆီးသတ်ဖြတ်ထောင်ချရသလဲ ဆိုတဲ့အကြောင်းတရားပါဘဲ။**

ဗုဒ္ဓဘာသာ ကိုးကွယ်တဲ့ တိုင်းပြည်တွေမှာ အခြားဘာသာကိုးကွယ်တဲ့တိုင်းပြည်လိုဘဲ အနည်းနဲ့အများဆိုသလို ဆယ်စုနှစ်ချီ အကြမ်းဖက်မှုသတ်ဖြတ်မှုတွေမရှိဘူးလို့ ဘယ်သူမှအာမမခံနိုင်ပါဘူး။ အကြမ်းဖက်မှုတွေလျော့ပါးအောင် ဗုဒ္ဓတရားကိုဘယ်လောက်များ ကိုးကားနာယူကြသလဲ။ ဗုဒ္ဓလမ်းစဉ်ဗုဒ္ဓသွန်သင်တဲ့အဆုံးအမတွေဘယ်ရွေ့ဘယ်မျှကျင့်သုံးကြသလဲဆိုတဲ့ အချက်အလက်ကပဓါနကျလှပါတယ်။ **အတိတ်ရာစုနှစ်စစ်ပွဲတွေမှာအရှင်သခင်ကေရာဇ်တွေရဲ့ ပါရမီအာနုဘော် အာဏာစက်ချဲ့ထွင်တဲ့ စစ်ပွဲတွေ မနည်းလှပါဘူး။ အဲဒီလိုဗုဒ္ဓဘာသာအရေခြုံဘုရင်ရူးအာဏာရူးတွေ ဒီခေတ်ကာလထဲ မှာလည်း လက်ကျန်ရှိနေသေးတာ ထိုင်းနိုင်ငံရဲ့နောက်ဖေးတိုင်းပြည်မှာ မျက်မြင်ဒိဋ္ဌ တွေ့မြင်နေရပါတယ်။** ❑

# မဟာဗမာဝါဒီ စစ်အာဏာရှင်တို့၏ စိတ်ရင်းဆန္ဒပြယုဂ်

လွန်ခဲ့သည့်၁၀နှစ်ခန့်မှစ၍ သျှမ်းပြည်သမိုင်းဝင်ဟော်နန်းကြီးများကို နဝတ/နအဖ စစ်အုပ်စုက ဖျက်ဆီးပြောင်းလဲချိတ်ပိတ်မှုများ ပြုလုပ်လာခဲ့၏။ ကျိုင်းတုံ ဟော်နန်းအဆောက်အဦးကို ဤကမ္ဘာမြေပေါ်မှပျောက်ကွယ်သွားစေရန် ၁၉၉၁ ၌ဖြိုဖျက်ပစ်ပြီးထိုနေရာတွင် ဟော်တယ် တည်ဆောက်ခဲ့၏။ ၁၉၆၂ မတ်ချ်လ ၂ ရက်ဗိုလ်နေဝင်း အာဏာသိမ်း ခဲ့စဉ်က ဗမာစစ်တပ် ဖမ်းဆီးကွပ်မျက်ခြင်းခံခဲ့ရသည့် သီပေါစော်ဘွား စစ်ကြာဆိုင်၏ဦးလေးတော်စပ်သူ (ဟော်နန်းစောင့်) စစ်ဦးကြာအား ၂၀၀၅ ၌ မတရားဖမ်းဆီး ပြီးနောက် သီပေါဟော်နန်းကို လည်း (ကမ္ဘာလှည့်ခရီးသည်များအပါအဝင်အများပြည်သူ မကြည့်ရှုနိုင်စေရန်) ပိတ်ပင်ခဲ့သည်။ သီပေါစော်ဘွားစစ်ကြာဆိုင်၏တူ SNLD ဥက္ကဋ္ဌခွန်ထွန်းဦး နှင့်သျှမ်းပြည်ခေါင်းဆောင်များအား ထောင်ဒဏ်နှစ်ရှည်စီရင်ချက်ချပြီး တဆက်တည်းဖြစ်သည်။




Photo : SHAN

**ဒေသခံတိုင်းရင်းသားများ အတိတ်ဆီ လွမ်းမိတိုင်း ဝင်ရှုစားလေ့ရှိ**

ပုဂံပြည့်ရှင်အနော်ရထာမင်းလက်ထက်–နှစ်ပေါင်းတစ်ထောင့်နီးပါးခန့်က သျှမ်းတော်ဝင်မင်းသမီးစောမွန်လတည်ထားကိုးကွယ်ခဲ့သောသီပေါမြို့အနောက်ဘက်ဘော်ကြိုဘုရားအားလည်းမူလရှေးဟောင်းလက်ရာများပျောက်ပျက်သည်အထိ (၁၉၉၇–၉၈ ၌) စစ်အာဏာပိုင်များ မွှမ်းမံပြောင်းလဲပစ်ခဲ့သည်။

ဗိုလ်သန်းရွှေစစ်အုပ်စုမှ သျှမ်းပြည်သူများ၏ သမိုင်းဖေါက် ဖျက်ပြောင်းလဲမှုနောက်ဆုံးလုပ်ရပ်ကားယခင်ဟော်နန်းပြတိုက်အဖြစ် ဖွင့်လှစ်ထားရှိခဲ့သည့် (ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပထမဦးဆုံး သမတ ကြီး စဝ်ရွှေသိုက်၏) ယောင်ဟွေ့ (ညောင်ရွှေ) ဟော်နန်းအား ၂၀၀၇ မှစ၍ဗုဒ္ဓပြတိုက်အဖြစ်ပြောင်းလဲခဲ့သည့်ကိစ္စဖြစ်၏။ အနီလုပ်ရပ်များသည် မဟာဝါဒီ ဗမာနာဇီအာဏာရှင်ဗိုလ်သန်းရွှေစစ်အုပ်စု၏ စိတ်ရင်းဆန္ဒ – အတွင်းအဇ္ဈတ္တသတ္တန် အစစ်အမှန်ဖြစ်သည်။

ယခင်ဖဆပလ ပါလီမန်ဒီမိုကရေစီ ဝန်ကြီးချုပ်ဦးနုခေတ် (၁၉၄၈ – ၁၉၆၂) ဗိုလ်နေဝင်း၏ တော်လှန်ရေးကောင်စီ/ မဆလခေတ် (၁၉၆၂ –၁၉၇၄–၁၉၈၈) တလျှောက်လုံးသုံးစွဲလာခဲ့သည့် တန်ဖိုးကြီးကျပ်ငွေစက္ကူပါ ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံများအား ဖေါက်ဖျက်ဖယ်ရှားပြီးခြင်္သေ့ရုပ်ဖြင့်အစားထိုးလိုက်သည့် လုပ်ရပ်နှင့်ထူးမခြားနား ဖြစ် သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးဟုဗိုလ်သန်းရွှေ စစ်အုပ်စုက အရေးသုံးပါးဆောင်ပုဒ်၌ဘန်းပြဝါဒဖြန့်ထား၏။ တိုင်းရင်းသား များအဘို့အခွင့်အလမ်းအဆင့်အတန်းသာတူညီမျှမှုကင်းမဲ့နေသမျှကာလပတ်လုံး စည်းလုံးညီညွတ်မှုရနိုင်ပါမည်လော?။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုသည်မှာအောက်ကြို့ခံခြေသလုံးဖက်ညီညွတ်ရေးဖြစ်နေသည်မှာ အထင်းသားပေါ်လွင်နေ၏။ ဒီမိုကရေစီသမားနှင့်တိုင်းရင်းသားများအားပုခုံးချင်းယှဉ်ခွင့်၊ ရင်ဘောင်တန်းခွင့်စိုးစဉ်းမျှမပေးသည့် ဗိုလ်သန်းရွှေစစ်အုပ်စု၏အတွေးအခေါ် အယူအဆအရ အတိုက်အခံတို့အပေါ်မျက်နှာသာပေး–ရွှေရေးပုဂံတက် အဖြစ်မခံသည့်သဘောထားများ လုံးဝကိန်းအောင်းနေကြောင်း သိသာလှသည်။ စစ်ဗိုလ်စစ်တပ်အရာရှိလူတန်းစားမှလွဲ၍ တိုင်းရင်းသားများနှင့် ဗမာပြည်သူများသည် ဒုတိယ/တတိယအဆင့် နိုင်ငံသားများသာဖြစ်ကြောင်းထင်ရှားလှသည်။

တိုင်းရင်းသားများ၏ ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေး (Cultural Rights) သမိုင်းဆိုင်ရာအခွင့်အရေး (Historical Rights) လောက်မျှမရှိဘဲနှင့်နိုင်ငံရေးအခွင့်အရေး (Political Rights) အဘယ်မှာရှိနိုင်တော့မည်နည်း?။ တိုင်းရင်းသားများအဘို့ ကိုယ့်ကြမ္မာ ကိုယ်လွတ်လပ်စွာ ဖန်တီးခွင့်ရှိသည့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုသည်မှာ ဖုတ်လေတဲ့ငါးပိရှိနိုင်တော့မည်မဟုတ်ပေ။ ကျားသနားမှန္တားချမ်းသာ အခွင့်အရေး လောက်နှင့်တင်းတိမ်ရောင့်ရဲခိုင်းသည်ကို နှစ်သိမ့်ကျေနပ်သွားရမလိုဖြစ်နေသည်။

ဗိုလ်သန်းရွှေစစ်အုပ်စု မစားရဝခမန်း လေဖမ်းဒန်းစီး ဖန်တီးလံကြုပ်အဟုတ်ကြီးဝါဒဖြန့်လေသံပစ်နေသည့်စည်းကမ်းရှိသော ဒီမိုကရေစီဆိုသည်မှာ စိတ်တိုင်းကျပုံသွင်းချင်သလိုပုံသွင်း၊ ဒင်းတို့ဘောင်ခတ်ကန့်သတ်ချက်များနှင့်အညီဦးတည် ခုတ်မောင်းနေသည့် အတုအယောင် ဒီမိုကရေစီသာဖြစ်ကြောင်း အလွယ်တကူ စောကြောသုံးသပ်နိုင်ပေသည်။

မဟာဝါဒီဗမာနာဇီ အာဏာရှင်ဗိုလ်သန်းရွှေစစ်အုပ်စု၏ စိတ်ရင်းဆန္ဒ–အတွင်းအဇ္ဈတ္တသတ္တန်ကို ထင်ဟပ်ပြသည့် ဤဓါတ်ပုံပါ သမိုင်းအမွေအနှစ် ချေဖျက်ပစ်မှုများကား၊ လူမျိုးခြားတိုင်းရင်းသားများ အပေါ်ကျူးပင်ခုတ်ကျူငုတ်မကျန် မြေလှန်ဖယ်ရှားဝါးမြို ဖြိုခွင်းသုတ်သင်ခြင်း၏ အထောက်အထားတစိတ်တဒေသပင်တည်း။

ကြယ်မင်းခေါင် (သျှမ်းပြည်)

ယမန်နှစ်သျှမ်းပြည်သို့အလည်အပတ်ရောက်စဉ်ရိုက်ကူးခဲ့သည့် ဤဓါတ်ပုံများပေးပို့သူ Brooke Lwin အားကျေးဇူး ဥပကာရတင်ရှိပါကြောင်း။ ❑



၁၉၉၁ ၌ ဖြိုဖျက်လိုက်သော အနှစ် ၁၀၀ နီးပါး ကျိုင်းတုံဟော်နန်း




Photo : SHAN

မူလ Keng Tung ကို Kyaing Tong ဟု စစ်အုပ်စု ဗမာမှုပြု



၂၀၀၆ မှ စ၍ ချိတ်ပိတ်လိုက်သော သီပေါ ဟော်နန်း



ယခုအခါ ခြံဝင်းပြင်၌သာ လှမ်းမြင်နိုင်တော့သည့် သီပေါဟော်




Photo : SHAN

ထိုစဉ်က ညောင်ရွှေ (ယောင်ဟွေ့) ဟော်နန်းပြတိုက်




ယခုတော့-တိုင်းရင်းသား သမိုင်းကို ဘာသာရေးဒိုင်းဖြင့် ခုတ်ပိုင်းပြီ




| | | | | |
|---|---|---|---|---|
| ၁ | ဆီဆိုင်ဖ | | ၇၂၁ | ၇၁ |
| ၂ | သိုစင်ဘွား | ဆီဆိုင်ဖ၏သား | ၇၉၆ | ၄၃ |
| ၃ | သိုဟုံဘွား | သိုစင်ဘွား၏သား | ၈၃၉ | ၄၁ |
| ၄ | သိုယုတ်ဘွား | သိုစင်ဘွား၏ညီ | ၈၈၀ | ၃၉ |
| ၅ | စဝ်မော်ခမ်း | သိုယုတ်ဘွား၏သား | ၉၁၉ | ၁၇ |
| ၆ | ခွန်ဟုံဘွား | သိုယုတ်ဘွား၏သားငယ် | ၉၃၆ | ၂၄ |
| ၇ | စဝ်နန်းခွန်ဖဲ | ခွန်ဟုံဘွား၏ကြင်ယာတော် | ၉၆၀ | ၁၀ |
| ၈ | စဝ်ထွေးခမ်း | ခွန်ဟုံဘွား၏မြေး | ၉၇၀ | ၇ |
| ၉ | စဝ်ဖဲခမ်း | စဝ်ထွေးခမ်း၏သား | ၉၇၇ | ၃ |
| ၁၀ | စဝ်နန်းခွန်ဖဲ | ခွန်ဟုံဘွား၏ကြင်ယာတော် | ၉၈၀ | ၁၂ |
| ၁၁ | စဝ်အောင်ခမ်း | စဝ်ထွေးခမ်း၏မြေး | ၉၉၂ | ၂၈ |
| ၁၂ | ခင်ဟုန် | စဝ်အောင်ခမ်း၏သား | ၁၀၂၀ | ၅ |

Photo : SHAN

ဤစော်ဘွားမင်းဆက် စာရင်းသင်ပုန်းလည်း ယခုမရှိတော့



ရှေးမှုသျှမ်းလက်ရာများ ဖျောက်ဖျက်ထားသည့် ဘော်ကြိုဘုရား



ဝတ်ႉရှူဝ်ပူင်း ဝ်ႄင်းရှူဝ်ပူင်း လေႉတွၼ်ႈတွင်ႇၵျီး မိူင်းတၢႆးပွတ်းလၢၼ်း




S.H.A.N. P.O.Box 15, Nong Hoi P.O., Chiangmai 50007, Thailand
ตู้ ปณ. 15 ปณฝ. หนองหอย อ. เมือง จ. เชียงใหม่ 50007
e-mail: shan@cm.ksc.co.th www.shanland.org, www.mongloi.org